ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်၊ တနင်္ဂနွေနေ့၊ (9-5-2004) (၄၂၂၈)

ကတညုတာ
တော် မင်္ဂလ မုတ္တမံ

သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် စက်ရုံစီမံကိန်းလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းများ စစ်ဆေး စံချိန်စံညွှန်းနှင့်အညီ အမြန်ပြီးစီးရေးနှင့် စက်ရုံပုံမှန်လည်ပတ်ရေး စနစ်တကျပြင်ဆင်ထားရန် မှာကြား

ရန်ကုန်　　မေ　　၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ မေ ၅ရက် မွန်းလွဲပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့မှ ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်)သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❀



ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံ

ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံ၏ ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံကို တွေ့ရစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်
ဓောင်ရေ
၁၉၆၉၇၂

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၉-၅-၂၀၀၄ (တနင်္ဂနွေနေ့)

ပြည်သူများအား နွေးထွေးပျူငှာစွာဆက်ဆံ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

ယနေ့အချိန်အခါသည် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် အမျိုးသားရေးစွမ်းအားစုများ ညီညီညွတ်ညွတ် လက်တွဲပူးပေါင်းပြီး မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် အမျိုးသားရေး ဂုဏ်သိက္ခာ မြင့်မားထည်ဝါစေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အချိန်ကာလဖြစ်သည်။

ပြည်သူများ၏ သားသမီးများဖြင့် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကြီးသည် စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်း တစ်ရပ်ဖြစ်ပြီး အခြားသော အမျိုးသားရေးအင်အားစုများနည်းတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် ပါဝင်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများနှင့်အတူ ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ လူမှုကရုဏာလုပ်ငန်းများနှင့် ယှဉ်တွဲပြီး လူမှုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားရေးတာဝန်များကိုလည်း ညီညာဖြဖြ ကြိုးပမ်းထမ်းရွက်လျက် ရှိသည်။

ယင်းသို့ကြက်ခြေနီ လူမှုကရုဏာလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့် ထူးချွန်ကြက်ခြေနီ မောင်မယ်များအားရွေးချယ်ပြီး ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲများကို နှစ်စဉ်ကျင်းပကာ ဂုဏ်ပြုချီးမြှောက်လျက်ရှိသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်း ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲ ၂၀၀၄ ဖွင့်ပွဲအခမ်းအနားကို မေလ ၆ရက်နေ့က သူနာပြုတက္ကသိုလ် (ရန်ကုန်)ခန်းမ၌ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးခင်ညွန့်က ထူးချွန်ကြက်ခြေနီ မောင်မယ်များအား အမှာစကား ပြောကြားရာတွင် **ထူးချွန်ထက်မြက်သော ကြက်ခြေနီလူငယ်များပီသစွာ ပြုမူနေထိုင်ကျင့်ကြံမှုကအစ ပြည်သူများနှင့် နွေးထွေးပျူငှာစွာ ဆက်ဆံကူညီမှုများမှာပါ စံနမူနာပြဖြစ်စေရအောင်၊ ယဉ်ကျေးသိမ်မွေ့သည့် ကြက်ခြေနီကရုဏာရှင်များအဖြစ် ပြည်သူအများက ယုံကြည်အားကိုးလာစေရအောင် မိမိတို့၏ တစ်သက်ပန်လုံးမှာ ဆက်လက်ကျင့်ကြံ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါ**ဟု မှာကြားသွားသည်။

ထူးချွန်ကြက်ခြေနီ တွေ့ဆုံပွဲများကို နှစ်စဉ်ဖွင့်လှစ်ပြီး တစ်နိုင်ငံလုံးမှ ထူးချွန်ထက်မြက်သော ကြက်ခြေနီမောင်မယ်များအား ရွေးချယ်စုစည်းတက်ရောက်စေလျက်ရှိခြင်းသည် မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးအတွက် ခွန်သစ်အားသစ်၊ စွမ်းအားသစ်များ တိုးတက်ပွားများလာစေမည့် အစီအစဉ်တစ်ရပ်ဖြစ်သည်။

ထူးချွန်ကြက်ခြေနီစခန်းတွင် ပိုမိုထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်ဝသော ကြက်ခြေနီမောင်မယ်များဖြစ်လာစေရေးအတွက် စုပေါင်းဆွေးနွေး ပညာပေးမှု၊ စခန်းသွင်းလေ့ကျင့်ပျိုးထောင်ပေးမှုများ ပြုလုပ်လျက်ရှိသည်။ ထို့ကြောင့် ထူးချွန်ကြက်ခြေနီမောင်မယ်များအနေဖြင့် စခန်းသွင်းလေ့ကျင့်သင်ကြားပို့ချချက်များကို ပြည့်ပြည့်ဝဝ ဆည်းပူးလေ့လာသွားကြရန် လိုအပ်သည်။ သို့မှသာ ရရှိလာသည့် အဖိုးတန်ဗဟုသုတ အတွေ့အကြုံများကို လက်တွေ့ဘဝတွင် အကျိုးရှိထိုက်တန်စွာ ကျင့်သုံးသွားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ ထူးချွန်ကြက်ခြေနီမောင်မယ်များအနေဖြင့် နိုင်ငံ၏ ထူးချွန်ထက်မြက်သော လူငယ်လူရွယ်များဖြစ်ကြသည်နှင့်အညီ ပြည်သူများအား နွေးထွေးပျူငှာစွာ ဆက်ဆံကူညီရင်း နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စီမံကိန်းများ၊ ကြက်ခြေနီလူမှု ကရုဏာလုပ်ငန်းများတွင် စေတနာ၊ မေတ္တာအပြည့်အဝဖြင့် ကျရာကဏ္ဍအလိုက် တက်တက်ကြွကြွ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ဆွမ်းဆက်ကပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများဖြစ်ကြသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ တရားသူကြီးချုပ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒေါ်ခင်လေးသက်၊ ဒေါ်ခင်ခင်ဝင်း၊ ပါမောက္ခ ဒေါက်တာ ဒေါ်မေမေရီ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်ခင်သက်ငွေး၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် အမှုဆောင်များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားမစတင်မီ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့က မုခ်ဦးဆိုင်းဘုတ်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းသည်။

ဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းသည်။

ထို့နောက် လသာမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက ဘင်ခရာ၊ ပန်းဖွားအကဖြင့် တီးမှုတ်သီဆိုကပြ ဖျော်ဖြေကြသည်။

ထို့နောက် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီး သံဃာတော်များအား ဆွမ်းဆက်ကပ်ပွဲကို ဆက်လက်ကျင်းပရာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရန်ကြီးအောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိနှင့် သံဃာတော်များ ကြွရောက်တော်မူကြပြီး အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်၍ ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိထံမှ ဧည့်ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်တို့က မင်္ဂလသုတ်၊ မေတ္တသုတ်နှင့် အန္တရာယ်ကင်း ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော် ဘဒ္ဒန္တ ဝိသိဋ္ဌသိဒ္ဓိထံမှ အနုမောဒနာတရား နာယူကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကုလသမဂ္ဂ (UNDOC)အဖွဲ့နှင့် (YMBA) ဗုဒ္ဓဘာသာကလျာဏယုဝအသင်းတို့ပူးပေါင်း၍ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးသင်တန်းဖွင့်ပွဲကို မေ ၂ ရက်က မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းချုပ်ရုံးခန်းမ၌ ပြုလုပ်ရာ (YMBA) အသင်းယာယီဥက္ကဋ္ဌ ဦးဗိုလ်နီ အမှာစကားပြောကြားစဉ်။ (၂၃)

ထူးခြားသည့်နေ့အပူချိန်များ

(၈-၅-၂၀၀၄)

မုံရွာ - ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)

ညောင်ဦး - ၄၁ ဒီဂရီစင်တီဂရိတ် (၁၀၅ ဒသမ ၈ ဒီဂရီဖာရင်ဟိုက်)

ရန်ကုန် - ၃၀ ဒီဂရီစင်တီဂရိတ် (၈၀ ဒီဂရီဖာရင်ဟိုက်)

မှတ်တမ်းတင်ဓာတ်ပုံရိုက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အဆောက်အအုံသစ်ရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

တိပိဋကကောဝိဒအရှင်မြတ်ပူဇော်ပွဲ စွန်းလွန်းဂူ၌ကျင်းပမည်

ရန်ကုန် မေ ၈

ဒသမအကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒဘွဲ့တံဆိပ်တော်ရရှိတော်မူသော ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ၁၆/၂ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက် ပဓာနနာယကဆရာတော် အရှင်သုန္ဒရအား အမရပူရအသင်းသူ၊ အသင်းသားများ၏ ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မေ ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက်ပါ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လူငယ်နှင့် ခုခံအားကျဆင်းရောဂါ

ဒေါက်တာ ခွန်စိုးမိုး

၂၀၀၃ခုနှစ် စာရင်းအရ ကမ္ဘာပေါ်တွင် လူဦးရေစုစုပေါင်း သန်း ၆၃၀၀ ရှိသည့်အနက် လူပေါင်း ၄၂သန်းသည် ခုခံအားကျဆင်းရောဂါကို ခံစားရလျက် ရှိသည်။ လူတစ်ထောင်လျှင် ၆ ဒသမ ၇ ယောက်နှုန်း ရောဂါရှိသည်ဟု တွက်ဆ၍ရသည်။ လူငယ်အရေအတွက် ၁၅နှစ်မှ ၂၄နှစ်ထိ စုစုပေါင်းသန်း ၁၀၀၀ ရှိပြီး ၁၁ ဒသမ ၈သန်းသည် ရောဂါဖြစ်ပွားနေကြသည်။ လူငယ်တစ်ထောင်တွင် ၁၂ ယောက်နှုန်းခန့် ရောဂါရှိနေသည်ဟု အဖြေထွက်သည်။ လူငယ်ထုအတွင်း ရောဂါဖြစ်ပွားမှုနှုန်းသည် လူဦးရေစုစုပေါင်း ရောဂါဖြစ်ပွားမှုနှုန်း၏ နှစ်ဆနီးပါးရှိနေကြောင်း တွေ့ရပေမည်။

နေ့စဉ် အသက် ၁၅နှစ်မှ ၂၄နှစ်အရွယ်ကြား လူငယ် ၆၀၀၀ ခန့်သည် ခုခံအားကျဆင်းသည့် ရောဂါကူးစက်ခံရလျက်ရှိသည်။ တစ်နည်းအားဖြင့် ၁၅စက္ကန့်လျှင် တစ်ယောက်နှုန်း ရောဂါကူးစက်ခံရသည်။ ထိုနှုန်းထားသည် နေ့စဉ် ရောဂါပိုးကူးစက်ခံရသူ စုစုပေါင်း၏ ထက်ဝက်ကျော်ဖြစ်သည်။ ခုခံအားကျဆင်းသည့်ရောဂါ အပါအဝင် ကာလသားရောဂါဖြစ်ပွားမှုနှုန်းတွင် ပထမချိတ်သော အုပ်စုမှာ အသက် ၁၅နှစ်မှ ၁၉နှစ်ကြား အုပ်စုဖြစ်နေသည်။ ဤအသက်အရွယ် အုပ်စုသည် အနာဂတ်တိုင်းပြည်၏ အင်အားဖြစ်ခြင်းကြောင့် ထိုရောဂါရရှိသည့် လူငယ်တစ်ဦး တစ်ယောက်သာ အကျိုးဆုတ်ယုတ်သည် မဟုတ်ဘဲ ထိုလူငယ်၏ မိသားစု၊ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် ကြီးစွာသော ဆုံးရှုံးမှုကိုဖြစ်စေပါသည်။ နောက်ဆုံးစည်းခြားထားခြင်းမရှိတော့သည့် ကမ္ဘာ့ရွာတွင် တစ်ကမ္ဘာလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေပါသည်။

ဤပြဿနာကို ကြီးထွားလာမှုမရှိစေရန် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ ညီလာခံ၏ ခုခံအားကျဆင်းမှုဆိုင်ရာ အထူးအစည်းအဝေးကို ၂၀၀၁ ခုနှစ် ဇွန်လတွင် ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးမှ အကြီးအကဲများ တက်ရောက်ခဲ့ကြပြီး ရည်မှန်းချက်နှင့် နည်းဗျူဟာများ ချမှတ်ပေးခဲ့ကြပါသည်။ အချုပ်အားဖြင့်ဆိုရလျှင် ၂၀၀၅ ခုနှစ်တွင် လူငယ်တွင်း ရောဂါဖြစ်ပွားမှု ၂၅ ရာခိုင်နှုန်း လျှော့ချနိုင်ရန်နှင့် လူငယ်ထု၏ ၉၀ ရာခိုင်နှုန်းကို ကူးစက်မှုအန္တရာယ် လျှော့ချနိုင်ရေးအတွက် လိုအပ်သော ဗဟုသုတ ပညာပေးရန်၊ ကျွမ်းကျင်မှုနှင့် စောင့်ရှောက်မှုများကို လူငယ်၊ မိဘ၊ မိသားစု၊ ပညာပေးသူများ (ဆရာများ)၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရရှိစေရန်ဟူ၍ ချမှတ် လမ်းညွှန်မှုပေးခဲ့ပါသည်။

အာဖရိကတိုက်၏ လူကြီး ၇၀ ရာခိုင်နှုန်းနှင့် လူငယ် ၈၀ ရာခိုင်နှုန်းသည် ခုခံအားကျဆင်းမှု ကူးစက်ခြင်းခံရလျက်ရှိသည်။ စစ်မက်ဖြစ်ပွားခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းဆိုသည့် ကပ်ကြီးနှစ်ပါးနောက်တွင် ရောဂါကပ်ကြီး ဝင်ရောက်ခြင်းဖြင့် လူမျိုးတုံးမည့်သဘော သက်ရောက်လျက်ရှိသည်။ ယနေ့ လက်ရှိအခြေအနေတွင် ကမ္ဘာပေါ်၌ အာဖရိကတိုက်တောင်ပိုင်းသည် ခုခံအားကျဆင်းမှုရောဂါအများဆုံးဖြစ်ပွားရာဒေသဖြစ်သည်။ ဒုတိယအများဆုံး ရောဂါရှိသည့်နိုင်ငံမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး လူဦးရေ ၃ ဒသမ ၅သန်းမှ ၅ သန်းကြား ရောဂါရှင်ရှိမည်ဟု တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ဤကဲ့သို့ အာဖရိကနှင့် အိန္ဒိယနိုင်ငံတွင် ရောဂါရှင် များပြားခြင်းသည် အာဖရိကနှင့် အိန္ဒိယကိုသာ ထိုရောဂါက ဝါးမျိုသွားမည်မဟုတ်ဘဲ တဖြည်းဖြည်းနှင့် နီးစပ်ရာမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ ပျံ့နှံ့သွားနိုင်သည်ကို သတိမူကြရပေမည်။

အဘယ့်ကြောင့် လူငယ်များတွင် ဤရောဂါကူးစက်မှု များပြားနေရသည်ကို ဆန်းစစ်ကြည့်ရန် လိုလာသည်။ လူငယ်များသည် လွတ်လပ်မှုကို ကြိုက်နှစ်သက်ကြသည်။ လွတ်လပ်မှု၏နောက်ကွယ်မှ အန္တရာယ်ကိုမူ လူငယ်ပီပီ ကြိုမတွေးဘဲ အသစ်အသစ်များကို ရဲဝံ့စွန့်စားလုပ်ဆောင်ကြည့်ချင်ကြသည်။ လူကြီးများကလည်း လူငယ်များကို နည်းလမ်းကောင်းများ သွန်သင်ပြသခြင်းမရှိဘဲ ဆူပူခြင်း၊ အပြစ်တင်ခြင်း၊ အမိန့်ပေးခြင်းများဖြင့် လူငယ်တို့၏ လိုအပ်ချက် သဘာဝနှင့် မကိုက်ညီခြင်းကြောင့် လူငယ်များက လူကြီးများမသိအောင် တိတ်တဆိတ် လုပ်တတ်ကြသည်။ ယဉ်ကျေးမှုထုံးတမ်းစဉ်လာကလည်း မိဘများသည် အရွယ်ရောက်စ သားသမီးများကို လိင်မှုဆိုင်ရာ အမှုအကျင့်များကို ပညာပေးရန်ဝေးစွ၊ ရှက်ဖွယ်အဖြစ် ဟန့်တားမှုပင် ပြုတတ်ကြသည်။ မည်သို့ပင်ဆိုစေ လူငယ်များတွင် ရောဂါဖြစ်ပွားမှုလျှော့ချရန်အတွက် ဖြစ်ပွားရခြင်းအကြောင်းအရင်းကို ဖြတ်တောက်ရမည်ဖြစ်ရာ အဓိကအားဖြင့် အောက်ပါအတိုင်း တွေ့ရပါသည်–

၁။ **လူငယ်များတွင် ခုခံအားကျဆင်းမှုရောဂါဆိုင်ရာ ဗဟုသုတနှင့်ကျွမ်းကျင်မှု နည်းပါးခြင်း**

(က) ရောဂါအကြောင်း ကြားသိမှုနည်းပါးခြင်း၊ ကြားသိမှုရှိသော်လည်း တိတိကျကျမဟုတ်ဘဲ ကူးစက်နည်း၊ ကာကွယ်နည်းများကို မသိခြင်း၊

(ခ) ရောဂါကူးစက်ခံရနိုင်မှုအန္တရာယ်ကို မဆန်းစစ်တတ်ဘဲ ဇွတ်တိုးဝင်ရောက်ခြင်း၊ လျစ်လျူရှုခြင်း၊

(ဂ) ကာကွယ်ရန် ကျွမ်းကျင်မှုမရှိခြင်း၊ ကာကွယ်နည်းကို စနစ်တကျ သိရှိမထားဘဲ အရေးကြုံသည့်အခါမှ လက်တွေ့ကျင့်သုံးခြင်း။

၂။ **လူငယ်ထုအနေဖြင့် ခုခံအားကျဆင်းမှု ရောဂါဆိုင်ရာ ဗဟုသုတအချက်အလက်နှင့် ဝန်ဆောင်မှု ရရှိရန်ခက်ခဲခြင်း**

(က) သတင်းအချက်အလက် ဝန်ဆောင်မှုပေးသူမရှိခြင်း၊

(ခ) ရှိသော်လည်း လုံခြုံမှု၊ လျှို့ဝှက်မှုစနစ်ကိုကြောက်၍ မသုံးရဲခြင်း၊

(ဂ) လူငယ်များ မသိသင့်ဟုယူဆကာ မိမိကိုယ်တိုင်လည်း အချက်အလက် သတင်းနှင့် ဝန်ဆောင်မှုမပေးသည့်အပြင် ပေးသူကိုလည်း ဟန့်တားပိတ်ပင်ခြင်း။

၃။ **ယဉ်ကျေးမှုဓလေ့ထုံးတမ်း လူမှုရေး၊ စီးပွားရေး အခြေအနေအရပ်ရပ်က လူငယ်များ ရောဂါ ကူးစက်မှုအန္တရာယ်ကို ပိုများစေခြင်း**

ယခုစတင်၍ ခုခံအား ကျဆင်းမှုရောဂါကို မဖြစ်သေးသူများ ကာကွယ်ရေးနှင့် လူနာများအား ပြုစုကူညီရေးလုပ်ဆောင်ရန် အရေးကြီးနေပါသည်။ အဘယ့်ကြောင့်ဆိုသော် ကာကွယ်ဆေး၊ ကုသဆေးမရှိသေး၍ ဖြစ်သည်။ ထို့ပြင် ထိုရောဂါသည် လိင်ဆက်ဆံမှုမှ ကူးစက်ပြီး ရောဂါကူးခံရပြီးနောက် အချိန်အတော်ကြာသည်အထိ လက္ခဏာမပြခြင်းကြောင့် ရောဂါပိုးရှိမှန်းမသိမီ လူအများကို ကူးစက်ပြီးဖြစ်နိုင်သည်။ အခြားအကြောင်းတစ်ရပ်မှာလည်း ပညာနှင့် စီးပွားရှာနိုင်သည့် နိုင်ငံ့အင်အား လူငယ်များတွင် အဖြစ်များနေခြင်း ကြောင့် ကျန်းမာရေးကိစ္စ သီးခြားမဟုတ်ဘဲ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကိုပါ ထိခိုက်နိုင်ပါသည်။ အရေးကြီးဆုံးအချက်မှာ လူတိုင်းကျန်းမာရေးအသိရှိခဲ့လျှင် ရောဂါမဖြစ်အောင် ကာကွယ်၍ ရနိုင်ခြင်းပင်ဖြစ်သည်။ လူနာများအပေါ် စိုးရိမ်စိတ်၊ ရွံရှာစိတ်၊ အပြစ်တင်လိုစိတ်များသည် ရောဂါပျံ့နှံ့ရန် တွန်းအားပေးတတ်သည်။ ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံး လူနာများကို ရောဂါထပ်မံပြန့်ပွားမှု မရှိစေရန် ပြုစုစောင့်ရှောက်ခြင်း၊ ကူညီနားလည်ပေးခြင်းတို့ဖြင့် အကောင်အထည်ဖော်ရပေမည်။ ရောဂါကာကွယ်မှု လူတိုင်းရရှိရန်မှာ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဥပဒေရေးအရ စဉ်းစားပြီး ဘက်စုံ ဆောင်ရွက်ရပေမည်။ လူတိုင်းကျန်းမာရေးအသိရှိရန် ပညာပေးခြင်း၊ ဆွေးနွေး ခြင်း၊ နည်းလမ်းတကျ အသိပေးခြင်းတို့ကို ပြုလုပ်ရပေမည်။ ဆောင်ရွက်မှုများ အောင်မြင်မှုရှိ၊ မရှိနှင့် အခြေအနေမှန်ကို သိရှိနိုင်ရန် စဉ်ဆက်မပြတ် သုတေသနနှင့် စာရင်းဇယားကို တိကျစွာ ထားရှိလုပ်ဆောင်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံရှိ လူငယ်ထုနှင့်အန္တရာယ်များသောအမှုအကျင့်ရှိသည့် အုပ်စုများအတွက် ခုခံအား ကျဆင်းရောဂါ ကာကွယ်ရေးနှင့် ပြုစုစောင့်ရှောက်ရေးကို နိုင်ငံတကာအဖွဲ့အစည်းများ၊ အလှူငွေများဖြင့် ပူးပေါင်း၍ စီမံချက်ချဆောင်ရွက်လျက်ရှိပါသည်။ လုပ်ဆောင်ရာတွင် ပိုမိုကျယ်ပြန့် ထိရောက်မှုရှိစေရန် ရည်ရွယ်၍ CARE မြန်မာ၊ မြန်မာနိုင်ငံ သူနာပြုအသင်း၊ Marie Stopes International Save the Children(UK) နှင့် World Visionတို့ ပူးပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းမှ ဦးဆောင်ပြီး အတူလက်တွဲ အကောင်အထည်ဖော်နေပြီဖြစ်သည်။

ဤစီမံချက်ကြောင့် အကျိုးကျေးဇူးရရှိမည့် လူများမှာ အသက် ၁၃ နှစ်မှ ၂၄ နှစ်အကြား လူငယ်များ၊ အလုပ်အကိုင် နေရာအတည်တကျ မရှိသူများ၊ ရောဂါရရှိထားပြီးသူများနှင့် ၎င်းတို့၏ မိသားစုများ၊ ရောဂါကြောင့် မိဘမဲ့ဖြစ်ရသော ကလေးများ ဖြစ်ပါသည်။ ဤလူများထဲတွင် သင်လည်း အကျုံးဝင်ခဲ့ပါလျှင် သင်သိလိုသမျှကို ဖြေကြားပေးနိုင်ရန် အနီးစပ်ဆုံး CARE မြန်မာအဖွဲ့ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

CARE မြန်မာအဖွဲ့သည် ၁၉၉၆ ခုနှစ် ဇွန်လတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံ ဒေသအနှံ့အပြား တွင် ဦးတည်အုပ်စု အမျိုးမျိုးအတွက် ခုခံအားကျဆင်းရောဂါ စီမံချက်များကို အုပ်စုငယ်များနှင့် တစ်ဦးချင်းအလိုက် ဆွေးနွေးပညာပေးခြင်း၊ ပြခန်းပြသခြင်း၊ သင်တန်းပို့ချခြင်း၊ ပညာပေးဖျော်ဖြေမှုပြုခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်း၊ ပြုစုကူညီခြင်းစသည်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ မိမိသဘောဆန္ဒအလျောက် ရောဂါပိုးရှိ၊ မရှိ စစ်ဆေးလိုပါက လုံခြုံစိတ်ချစွာ စစ်ဆေးနိုင်ရန် ကျန်းမာရေးဌာနများ၊ ကျန်းမာရေး စောင့်ရှောက်မှုပေးသူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ မစစ်ဆေးမီနှင့် စစ်ဆေးပြီးတွင်လည်း နှစ်သိမ့်ဆွေးနွေးမှုပေးခြင်းတို့ကို လားရှိုး၊ မူဆယ်၊ မော်လမြိုင်နှင့် မုံရွာမြို့တို့တွင် ဆောင်ရွက်နေပါသည်။

မကြာမီကကျင်းပခဲ့သော ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီး၏ အာရှလုံးဆိုင်ရာ ခုခံအားကျဆင်းမှုရောဂါ အစည်းအဝေးတွင် အရေးကြီးသော အချက်နှစ်ခုကို ထုတ်ဖော်ပြခဲ့ပါသည်။ ကွန်ဒုံးကို ရာနှုန်းပြည့်အသုံးပြုခြင်းဖြင့် ပဋိသန္ဓေတားဆီးခြင်းသာမက ခုခံအားကျဆင်းမှုရောဂါကိုပါ ကာကွယ်တားဆီးနိုင်သဖြင့် မဈေးလင့်သော လိင်မှုကိစ္စများတွင် ကွန်ဒုံးအသုံးပြုကြရန် တိုက်တွန်းထားပါသည်။ ဒုတိယအချက်အနေဖြင့် ကွန်ဒုံးကိုလွယ်လင့်တကူဝယ်ယူရရှိနိုင်ရန် စီမံထားပေးရန်လိုပါသည်။ ခုခံအားကျဆင်းမှုကူးစက်ရောဂါ ကာကွယ်တားဆီးရာတွင်အောင်မြင် မှုအနည်းငယ်သာရှိပါသည်။ ၎င်းတို့တွင် ရာနှုန်းပြည့်ကွန်ဒုံး သုံးစွဲခြင်းနည်းသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။

အစီရင်ခံစာများအရ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ကွန်ဒုံးအသုံးပြုခြင်း စီမံချက်ကို အမျိုးသားရေးအသွင်ဖြင့် ချမှတ်လိုက်သဖြင့် ခုခံအားကျဆင်းမှုရောဂါ လူနာအသစ်ဖြစ်ပွားမှု ၈၀ ရာခိုင်နှုန်းအထိ လျော့ကျခဲ့ပါသည်။ အခြားလေ့လာမှု တစ်ခုတွင်မူ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံ၌ ကွန်ဒုံးအသုံးပြုမှု နည်းပါးခြင်းကြောင့် ရောဂါဖြစ်ပွားမှုနှုန်း တိုးပွားနေကြောင်း ဖော်ပြထားပါသည်။ အကယ်၍သာ ရာနှုန်းပြည့် ကွန်ဒုံးအသုံးပြုမှုစီမံချက်ကို အကောင်အထည်မဖော်ခဲ့ရလျှင် ၂၀၁၀ပြည့်နှစ် အရောက်၌ အိမ်နီးချင်းနိုင်ငံ နှစ်နိုင်ငံတွင်ပင် ခုခံအားကျဆင်းမှု ရောဂါသည်ပေါင်းသန်း ၃၀ခန့်ဖြစ်လာလိမ့်မည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ခန့်မှန်းထားပါသည်။ ယနေ့လူငယ်များသည် အသိတရားလက်ကိုင်ထား၍ အပျော်အပါးလိင်မှု ဆက်ဆံခြင်းကို ရှောင်ကြဉ်ကြရန်နှင့် မလွှဲသာ၍ ဆက်ဆံမိသည့် အခါတိုင်း ကွန်ဒုံးကို စနစ်တကျသုံးစွဲတတ်ရန် သင်ကြားထားသင့်ကြောင်း အကြံပြုရပါသည်။

နိုင်ငံတော်၏ အင်အား လူငယ်ထုကြားခုခံအားကျဆင်းမှုရောဂါ ကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရေးအတွက် အန္တရာယ်ကင်းသော လိင်မှုဆိုင်ရာ အမှုအကျင့်များ တိုးမြှင့်လာရေး၊ ခုခံအားကျဆင်းရောဂါခံစားနေရသူများနှင့် ၎င်းတို့၏ မိသားစုများအား ပြုစုကူညီရေး၊ နှိမ့်ချခွဲ ခြားမှုမပြုဘဲ ကူညီပံ့ပိုးသည့် ပတ်ဝန်းကျင်ကောင်းဖြစ်ပေါ်လာအောင် တည်ဆောက်ရေးတို့ကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများ၊ အသိပညာရှင် (ကျောင်းဆရာ၊ စာပေစာနယ်ဇင်းဆရာများ) အားလုံး မိမိတတ်နိုင်ရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ခုခံအားကျဆင်းမှုရောဂါ ကာကွယ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

မိုးကြိုလက်ဆောင်

* ကြွေရွက်လည်း ကြွေရွက်နွမ်း
  မှတ်သုံးကြိုရာလမ်း။
* လေပြန်လည်း လေပြန်ရမ်း
  မှတ်သုံးကြိုရာလမ်း။
* မိုးဆွေလည်း မိုးဆွေသန်း
  မှတ်သုံးကြိုရာလမ်း။
* စိန်ပန်းလည်း စိန်ပန်းလျှမ်း
  မှတ်သုံးကြိုရာလမ်း။
* တိမ်ညိုလည်း တိမ်ညိုလွှမ်း
  မှတ်သုံးကြိုရာလမ်း။
* ပင်တိုင်ဖူးငုံသစ်၊ ပုရစ်ဝေလန်းကြွ
  မိုးမျှော်တခဲ့၊ မြမြရည်လိမ်းလိမ်း
  ပင်စိမ်းရွက်နုဆင်
  အလင်္ကာမိုးဦးပန်း
  မှတ်သုံးကြိုရာလမ်း။
* ငါတို့နေသည်၊ မြတ်ရွှေပြည်တည့်
  ရေကြည်ဖြိုးမောက်၊ ဆည်ရေသောက်ခဲ့
  မိုးပေါက်ပုလဲ၊ ရွာသွန်းကြဲလျှင်
  ရေပြင်ဖွေးဖွေး၊ ကောက်စိုက်တေးတို့
  ချိုအေးသံသာ၊ ကြားရပါလိမ့်
  လယ်ယာကိုင်းကျွန်း၊ သီးနှံပြွမ်းလိမ့်
  ချမ်းမြသည့်မိုး၊ စွေစွေဖြိုးလိမ့်
  ရိုးတံသေးသေး၊ ပုန်းညက်မွှေးလိမ့်
  လေသွေးယိမ်းက၊ ပင်တိုင်းလှလိမ့်။
  မြန်မာ့ရေမြေ၊ စိမ်းစိုဝေ၍
  ရေစင်ပက်ဖျန်း၊ ပြည်တစ်ဝန်းလျှင်
  ငြိမ်းချမ်းသံအေး၊ နေခြည်ရွှေနှင့်
  အောင်တေးလင်္ကာ သစ်လိမ့်မည်။ ။

မောင်ကြင်နွယ်

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များ နှိပ်စက်ညှဉ်းပန်းမှု နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ပြင်သစ်ဝေဖန်ပြောကြား

ပါရီ မေ ၇

အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက မတော်တရော်ပြုလုပ် နှိပ်စက်ညှဉ်းဆဲသည်ဆိုသောကိစ္စသည် လုံးဝလက်ခံနိုင်ဖွယ်မရှိသော ကိစ္စပင်ဖြစ်သည်။ ထိုကိစ္စသာ မှန်ကန်ကြောင်း တွေ့ရှိရပါက နိုင်ငံတကာဥပဒေကို ထင်ရှားစွာ ဖောက်ဖျက်လိုက်ခြင်းပင်ဖြစ်သည်ဟု ပြင်သစ်တို့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားခဲ့သည်။

ပြင်သစ်နိုင်ငံသည် အမေရိကန်က ဦးဆောင်ဆင်နွှဲခဲ့သော အီရတ်စစ်ပွဲကို ရှေ့တန်းက ဆန့်ကျင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အမေရိကန် နိုင်ငံသည် အီရတ်တို့၏ အချုပ်အခြာအာဏာကို အမြန်ဆုံး အီရတ် ပြည်သူများလက်သို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ သတ်မှတ်ချက်များနှင့် အညီ ပြန်လည်လွှဲအပ်ပေးရန် ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြီးခဲ့သော သီတင်းပတ်အတွင်းတွင် တောင်းဆိုခဲ့သည်။

မကြာသေးမီ ရက်များအတွင်းတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် မတော်တရော်နှိပ်စက်ပြုလုပ်နေသည့် ဓာတ်ပုံများကို မီဒီယာများက ထုတ်လွှင့်ပြသသွားသည်။ ထိုလုပ်ရပ်များသည် လုံးဝလက်မခံနိုင်သော လုပ်ရပ်များပင်ဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။ အီရတ်အကျဉ်းသားများကို မဖွယ်မရာ ပြုလုပ်ခဲ့သူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက နှိပ်စက်မှုများပြုလုပ်နေစဉ် ဓာတ်ပုံများကို ရိုက်ကူးခဲ့သည်။ ထိုဓာတ်ပုံများကို အမေရိကန် ရုပ်/သံဌာနက ရရှိသွားပြီး လွန်ခဲ့သောသီတင်းပတ်က ထုတ်လွှင့်ပြသသွားခဲ့သည်။ ယခုအခါ အဆိုပါကိစ္စနှင့် ပတ်သက်နေသော အမေရိကန်တပ်ဖွဲ့ဝင် ခြောက်ဦးကို အကျဉ်းသားများအား နှိပ်စက်သည်ဆိုသော ပြစ်မှုဖြင့် ခုံရုံးတင် တရားစွဲဆိုထားကြောင်း သိရသည်။

နှိပ်စက်နေသည်ဆိုသော ဓာတ်ပုံအချို့တွင် အဘူဂါရိပ်ရှိ အကျဉ်းသားများကို အဝတ်မပါ ဗလာကိုယ်ဖြင့် နေစေပြီး တစ်ဦးအပေါ်တစ်ဦး ဆင့်ကာ ပိရမစ်ထုချွန်ပုံသဏ္ဌာန်မျိုး ပြုလုပ်ခိုင်းသည့် ပုံများလည်းပါရှိသည်။

အထက်ပါကဲ့သို့သော လုပ်ရပ်မျိုးသည် စိတ်ဓာတ်ရေးရာအရ အပြင်းအထန် စော်ကားလိုက်ခြင်းပင် ဖြစ်ကြောင်း မိမိတို့သဘောပေါက်သည်။ အကယ်၍သာ ထိုဖြစ်ရပ် မှန်ကန်ကြောင်း တွေ့ရှိရလျှင် ၎င်းကိစ္စသည် လက်ခံနိုင်စရာမရှိသော ရက်ဖွယ်လုပ်ရပ်ပင်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ဥပဒေကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်မှုပင်ဖြစ်သည်ဟု ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

နိုင်ငံတကာသတင်းများ

မေ ၇ ရက်က ဘဂ္ဂဒက်မြို့ရှိ အဘူဂါရိပ်အကျဉ်းထောင်တွင် ဖမ်းဆီးခံထားရသော ဆွေမျိုးသားချင်းများ၏သတင်းကို သိရှိရန် အကျဉ်းထောင် အပြင်ဘက်၌ စောင့်ဆိုင်းနေသည့် အီရတ်အမျိုးသားတစ်ဦးနှင့် ကလေးငယ်တစ်ဦးတို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များ ညှဉ်းပန်းမှုစုံစမ်းရန် အီရတ်တရားရေးဝန်ကြီးဌာန တောင်းဆို

ဘဂ္ဂဒက် မေ ၆

အမေရိကန်တပ်ဖွဲ့ဝင်များ ဖမ်းဆီးထိန်းသိမ်းထားသော အီရတ်နိုင်ငံသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် အီရတ် တရားရေးဝန်ကြီးဌာနက တောင်းဆိုလိုက်ကြောင်း အီရတ်နိုင်ငံထုတ် အယ်ဆာဘားသတင်းစာ၌ အင်္ဂါနေ့က ဖော်ပြလိုက်သည်။

စစ်ဆေးသင့်

ထို့အပြင် အဆိုပါလုပ်ရပ်များသည် နိုင်ငံတကာဥပဒေများနှင့် သဘောတူညီချက်များကို မထီမဲ့မြင်ပြုရာမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး အဆိုပါကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများအား နိုင်ငံတကာ ကော်မတီတစ်ရပ်၏ ကြီးကြပ်မှုဖြင့် စုံစမ်းစစ်ဆေးသင့်ကြောင်း အဆိုပါသတင်းကြေညာချက်တွင် ပါရှိသည်။

အဆိုပါကြေညာချက်တွင် အကျဉ်းသားများအား ကြီးကြပ်ထိန်းသိမ်းရေးနှင့် အီရတ်ကြက်ခြေနီအဖွဲ့၊ လခြမ်းနီအဖွဲ့တို့အား အကျဉ်းစခန်းများရှိ အကျဉ်းသားများအား သွားရောက်ဝင်ထွက်ခွင့်ပြုရေးတို့အတွက် အီရတ်အကျဉ်းသားများ အခြေအနေပြုပြင်ပြောင်းလဲရေးဌာနက ပါဝင်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

သတိပေး

အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့မှ အရာရှိခုနစ်ဦးတို့ကို ပြစ်ဒဏ်ချမှတ်ခဲ့ရာတွင် ယင်းတို့အနက်မှ ခြောက်ဦးကို ပြင်းထန်စွာ သတိပေးခဲ့ပြီး နောက်ထပ်အရာရှိ အနည်းဆုံး ခြောက်ဦးတို့ကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

သို့ရာတွင် အီရတ် လူမှုအဖွဲ့အစည်းများက လိုလားသကဲ့သို့ သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုက စုံစမ်းစစ်ဆေးခွင့်ကိုမူ အမေရိကန်တပ်ဖွဲ့က ခွင့်ပြုမည်မဟုတ်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းမှု တူရကီပြစ်တင်ရှုတ်ချ

အန်ကာရာ မေ ၇

တူရကီနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အတိုက်အခံပါတီနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများတို့က အီရတ်အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းမှုအား ပြစ်တင်ရှုတ်ချလိုက်ကြပြီး ယင်းလုပ်ရပ်များသည် လူစိတ်ကင်းပြီး ရက်ဖွယ်လိလိရှိလှသည်ဟု ထုတ်ဖော်ပြောကြားကြကြောင်း တူရကီနေ့စဉ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြလိုက်သည်။

ယင်းကဲ့သို့ လူမဆန်သည့် နှိပ်စက်ကလူပြုမှုသည် ဂျီနီဗာသဘောတူညီချက်၊ နိုင်ငံတကာ သဘောတူညီချက်အားလုံးနှင့် ကုလသမဂ္ဂ စည်းမျဉ်းစည်းကမ်းများအားလုံးကို ဆန့်ကျင်ဖီလာပြုနေကြောင်း အတိုက်အခံပါတီ ရီပတ်ဘလီကန် ပြည်သူ့ပါတီ ခေါင်းဆောင် ဒင်းနစ္စဘေကယ်က ပြောကြားသည်။

ထုတ်လွှင့်ပေး

ဘဂ္ဂဒက်အကျဉ်းစခန်းမှ ဖမ်းဆီးထားသူ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများအား နှိပ်စက်ညှဉ်းပန်းနေသည့် ဓာတ်ပုံများအား အမေရိကန်ရုပ်မြင်သံကြားဌာန စီဘီအက်စ်က ထုတ်လွှင့်ပြသခဲ့ပြီးနောက် နိုင်ငံတကာ အသိုက်အဝန်းတွင် အထိတ်တလန့် အံ့အားသင့်ကုန်ကြသည်။

ရက်စက်

တူရကီလွှတ်တော်ဥက္ကဋ္ဌ ဆူလင့်အေရင့်က အီရတ်အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုသည် ရက်စက်ကြမ်းကြုတ်မှုဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

တိုက်တွန်း

တူရကီနိုင်ငံရှိအသင်းအဖွဲ့အသီးသီးက အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအား နှိပ်စက်မှု အပြုအမူအား ယင်းနေ့တွင် ဝိုင်းဝန်းရှုတ်ချကြသည်။ နှိပ်စက်ညှဉ်းပန်းမှုအား စစ်အတွင်း သို့တည်းမဟုတ် ငြိမ်းချမ်းနေစဉ်ကာလအတွင်းရှိ အခြေအနေ အရပ်ရပ်တိုင်းတွင် တားမြစ်ပိတ်ပင်ထားကြောင်း၊ နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ယင်းနှိပ်စက်ညှဉ်းပန်းမှုများနှင့်ပတ်သက်၍ ဆက်လက်၍ ဆိတ်ဆိတ်မနေကြရန် လူ့အခွင့်အရေးအဖွဲ့ (အိုင်အိပ်ချ်ဒီ) ကြေညာချက်တွင် တိုက်တွန်းနှိုးဆော်ထားသည်။

ကြောက်မက်ဖွယ်ဖြစ်ရပ်

ဖော်ပြပါ နှိပ်စက်မှုဆိုင်ရာ ဓာတ်ပုံများက အီရတ်နိုင်ငံတွင် ကြောက်မက်ဖွယ်ဖြစ်ရပ်များ၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရောင်ပြန်ဟပ်ဖော်ပြနေကြောင်း အလုပ်သမားသမဂ္ဂ ဥက္ကဋ္ဌ အာမက်အက်ဆူက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်မြို့တွင် ဗုံးတစ်လုံးထပ်မံပေါက်ကွဲ

ဘဂ္ဂဒက် မေ ၇

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ လူစည်ကားရာ လမ်းတစ်လမ်းတွင် လွန်ခဲ့သော ကြာသပတေးနေ့က လက်လုပ်ဗုံး တစ်လုံးပေါက်ကွဲခဲ့သည်။ ထိုဗုံးသည် တစ်နေ့တည်း၌ အသေခံကားဗုံးခွဲမှုဖြစ်ပွားအပြီး နာရီအနည်းငယ်အကြာတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုကြောင့် လူ ၁၀ ဦးအထိ သေဆုံးသွားပြီး အီရတ်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြကြောင်း မျက်မြင်တွေ့ရှိသူများက ဆိုသည်။

လူစည်ကားသော လမ်းတစ်လမ်းအတွင်း ထောင်ထားခဲ့သော လက်လုပ်ဗုံး ပေါက်ကွဲရာနေရာတွင် အိမ်အသုံးအဆောင်ပစ္စည်းများ ရောင်းချသောဈေးဆိုင်များ လမ်းတစ်ဖက်တစ်ချက်တွင် တည်ရှိနေပြီး ထိုလမ်းပေါ်တွင် နိုင်ငံခြားသားများ တည်းခိုသည့် ဖိမ်ခံဟိုတယ်များလည်း တည်ရှိနေသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မေ ၆ ရက်က ဘဂ္ဂဒက်မြို့ ဆေးရုံတစ်ရုံတွင် ဒဏ်ရာရ၍ ဆေးကုသမှုခံယူနေသည့် အီရတ်အဘိုးအို တစ်ဦးအား လေးနှစ်အရွယ် မြေးငယ်နှင့် အတူတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နာဂျက်ဖ်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးလျှင် တိုက်ခိုက်မှုရပ်ပေးမည်ဟု အယ်လ်ဆာဒါးကြေညာ

ဘဂ္ဂဒက် မေ ၇

နာဂျက်ဖ်မြို့ပြင်ရှိ ညွှန့်ပေါင်းတပ်ဖွဲ့စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးလျှင် မိုတာဒါဆာဒါးအား သစ္စာခံသည့် ခုခံရေးအင်အားစုများက အမေရိကန်တပ်ဖွဲ့ဝင်များအား အတိုက်ခိုက်ရပ်မည်ဖြစ်ကြောင်း အယ်လ်ဆာဒါး၏ ပြောရေးဆိုခွင့်ရှိသူ ရှိတ်အာမက်အယ်ရှီယာနီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

ဆာဒါးဆေးရုံရှိ တပ်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းပေးလျှင် မိမိတို့သည် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ရှိတ်အာမက်အယ်ရှီကာနီက ပြောကြားလိုက်သည်ဟု အယ်ဂျာဇီရာရုပ်မြင်သံကြားက ကိုးကားဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် ယခင်က စပိန်နှင့် လက်တင်အမေရိကတပ်ဖွဲ့ဝင်များ သိမ်းပိုက်ထားသည့် နာဂျက်ဖ်နှင့် ကူဖာမြို့အကြားဒေသကို ဝင်ရောက်တပ်စွဲလိုက်ခြင်းဖြစ်သည်။ ထို့ပြင် နာဂျက်ဖ်မြို့ ဆင်ခြေဖုံးတွင် ပုံမှန်ကင်းလှည့်ပြီး၊ အယ်ဆာဒါး၏နောက်လိုက်များ နှစ်မြို့ကြား သွားလာလှုပ်ရှားမှုမပြုနိုင်ရန် စစ်ဆေးရေးဂိတ်များ ချထားသည်။

နာဂျက်ဖ်မြို့အတွင်းတွင် သေနတ်သံများနှင့် ပေါက်ကွဲသံများ ညလုံးပေါက်ကြားရပြီး၊ ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက ညွှန့်ပေါင်းအဖွဲ့တပ်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်ခံရသည်ဆို၏။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဂ္ဂဒက်ရှိ အမေရိကန်ဌာနချုပ်တွင် ဗုံးကွဲ၍ ကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၇

အမေရိကန်သမ္မတဂျော့ဂျ်ဒဗလျူဘုရှ်သည် အီရတ်အကျဉ်းသားများကို အမေရိကန်တပ်ဖွဲ့ဝင်များက မတော်မတရားပြုသည့် ပြဿနာကို အဖတ်ဆယ်ရန် မိန့်ခွန်းပြောကြားအပြီး နာရီအနည်းငယ်အကြာတွင် ဘဂ္ဂဒက်ရှိ အမေရိကန်ဌာနချုပ်၌ အသေခံ ကားဗုံးခွဲသည့် အဖြစ်အပျက်တစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ထိုဗုံးကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်ရှစ်ဦးတို့ သေဆုံးသွားသည်။

လွန်ခဲ့သော ကြာသပတေးနေ့က ကားဗုံးအခွဲခံရသော နေရာမှာ အမေရိကန်တို့၏ ဌာနချုပ်ရှိရာ အစိမ်းရောင်နယ်မြေ အဝင်ဝ ကားများကို ရပ်တန့်စစ်ဆေးသောနေရာတွင် ဖြစ်သည်။ ထိုဗုံးကြောင့် အနည်းဆုံး အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး၊ ရဲသုံးဦးနှင့် အီရတ်၂၃ဦးတို့ ဒဏ်ရာ ရရှိသွားကြသည်ဟုဆိုသည်။ လူတစ်ဦး၏ ခြေထောက်မှာ ဗုံးထိမှန်သွားသည့်အတွက် မီတာ ၂၀၀အထိ လွင့်စဉ်သွားခဲ့ရသည်။

ယခု အသေခံဗုံးဖောက်ခွဲမှုတွင် အယ်ခိုင်ဒါအဖွဲ့နှင့် အဆက်အစပ်ရှိသော အဘူမူဆာဇာကာဝီ၏ လက်ရာခြေရာများကို တွေ့ရှိရကြောင်း အမေရိကန်အထက်တန်း အရာရှိတစ်ဦးက ပြောကြားသည်။ ဇာကာဝီသည် အီရတ်တွင် ဖြစ်ပွားခဲ့သောကားဗုံး အတော်များများနှင့်ပတ်သက်၍ အစွပ်စွဲခံထားရသူ ဖြစ်သည်။

ယခုကွဲသွားသော ကားဗုံးကို အမြောက်ကျည်ဆန်များ အသုံးပြုပြီး ပြုလုပ်ထားသည်။ ထိုလုပ်နည်းလုပ်ဟန်များမှာ ယခင်က အသုံးပြုခဲ့သောကားဗုံးခွဲမှုများတွင် ဂျော်ဒန်နိုင်ငံဖွား ဖောက်ခွဲရေးသမား အသုံးပြုသွားသည့် လက်ရာများနှင့်တူကြောင်း အဆိုပါ အမေရိကန် အထက်တန်းအရာရှိက ပြောကြားသည်။

အသက်ဆုံးရှုံး

ဤတစ်ကြိမ်ဖြစ်ပွားသော ပေါက်ကွဲမှုမှာ ဘဂ္ဂဒက်မြို့၌ မတ် ၁၇ ရက်နောက်ပိုင်းတွင် ဖြစ်ပွားသော အဓိကဗုံးပေါက်ကွဲမှုကြီးပင် ဖြစ်သည်။ ထိုမတ်လ ၁၇ ရက်က ဘဂ္ဂဒက်ရှိ မောင့်လက်ဘန္ဒန်ဟိုတယ်တွင် အသေခံကားဗုံးတစ်လုံးပေါက်ကွဲခဲ့သည့်အတွက် လူခုနစ်ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ကြာသပတေးနေ့က ဖြစ်ပွားခဲ့သော ဗုံးကွဲမှုသည် အီရတ်အလုပ်သမားများက အမေရိကန် လုံခြုံရေး ဇုန်အတွင်း သွားရောက်အလုပ်လုပ်ရန်အတွက် စစ်ဆေးခံရန် စောင့်နေကြစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲသွားသောကားသည် စစ်ဆေးရေးဇုန်အဝင်ဝ ဖောက်ခွဲရေးအကာအရံ ကွန်ကရစ်တုံးကြီးများအကြားတွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သတင်းများအရ သိရသည်။ ထိုဇုန်နေရာမှာ အမေရိကန်တို့က လုံခြုံရေးတင်းကျပ်စွာ ချထားသောနေရာဖြစ်ပြီး ယခင်အခါက သမ္မတဆက်ဒမ်၏ နန်းတော်တည်ရှိရာ နေရာဖြစ်သည်။

ဗုံးကွဲမှုမဖြစ်ပွားမီ နာရီအတန်ကြာအလိုက အမေရိကန်သမ္မတဘုရှ်သည် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် အကျဉ်းသားများအပေါ် ကျူးလွန်ခဲ့သောပြစ်မှုအတွက် အရေးယူပေးမည်ဖြစ်ကြောင်း အာမခံကတိစကားကို အာရပ် ရုပ်မြင်သံကြားဌာနမှတစ်ဆင့် ပြောကြားခဲ့သည်။

ထိုသို့ ရုပ်/သံမှတစ်ဆင့် စကားပြောကြားရာတွင် အမေရိကန်သမ္မတက အတိအလင်း တောင်းပန်သည့်စကားကို ပြောကြားခဲ့သည်မဟုတ်ပေ။ သမ္မတက တောင်းပန်စကားပြောကြားသည့် အလုပ်ကို ၎င်း၏ထိပ်တန်း လက်ထောက် ပြောကြားရန် ချန်လုပ်ထားခဲ့သည်။

သမ္မတကိုယ်တိုင် အဘယ်ကြောင့် တောင်းပန်စကားမပြောကြားပါသနည်းဟု မေးမြန်းရာ အမျိုးသား လုံခြုံရေးအကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်က သမ္မတကိုယ်စား သူမက တောင်းပန်စကားပြောကြားခဲ့ပြီးပြီ ဖြစ်ကြောင်း ပြန်ကြားခဲ့ရသည်။

အစားထိုးလဲလှယ်

အမေရိကန်သည် ပြဿနာဖြစ်နေသော အဘူဂါရိပ်အကျဉ်းစခန်း၏ အကြီးအကဲကို ဗိုလ်ချုပ်ဂျော်ဖရီမီလာနှင့် အစားထိုးလဲလှယ်ခဲ့သည်။ ဗိုလ်ချုပ်မီလာသည် ကျူးဘားနိုင်ငံ ဂွာတာနာမိုရှိ အကျဉ်းစခန်းကို တာဝန်ယူခဲ့ရသူဖြစ်သည်။ ယခုအခါ အဘူဂါရိပ်အကျဉ်းစခန်းတွင်ရှိနေသော အီရတ်အကျဉ်းသား ၁၀၀၀၀ ခန့် အနက် ထောင်နှင့်ချီသော အကျဉ်းသားများကို လွှတ်ပေးသွားမည်ဖြစ်ကြောင်း၊ မတော်မတရားပြုမှုများကိုလည်း အဆုံးသတ်စေမည်ဖြစ်ကြောင်း မီလာက ပြောကြားသွားသည်။

အီရတ်စစ်ပွဲကြောင့် အမေရိကန်သည် စစ်ရေးစရိတ်သာမက သံတမန်ရေးစရိတ်၊ ဘဏ္ဍာရေးစရိတ်များပါ ထောင်းလျက်ရှိသည်။ ယခင်က အမေရိကန်သမ္မတသည် နိုဝင်ဘာလသမ္မတ ရွေးကောက်ပွဲမတိုင်မီ စစ်ပွဲစရိတ်တိုးမတောင်းဟု ပြောကြားခဲ့သော စကားရှိခဲ့သည်။ သို့သော် ယခုအခါ ထိုစကားကိုချိုးဖောက်ပြီး ကွန်ဂရက်မှ စစ်စရိတ်ဒေါ်လာ သန်း၂၅၀၀၀တိုး၍ ခွင့်ပြုပေးပါရန် တောင်းခံထားရကြောင်းသိရသည်။

အီရတ် စစ်ပွဲတစ်လျှောက်လုံးတွင် ပြီးခဲ့သောလသည် အမေရိကန်များအတွက် သွေးထွက်သံယိုမှု အများဆုံးလပင် ဖြစ်သည်။ ယခင်လက ဖြစ်ပွားခဲ့သော တိုက်ပွဲများတွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၂၉ ဦး အသက်ဆုံးရှုံးခဲ့ရသည်။

ထွက်ပေါ်လာ

အမေရိကန်တပ်ဖွဲ့ဝင်များသည် ၂၀၀၅ ခုနှစ်ရောက်သည်အထိ အီရတ်နိုင်ငံတွင် ဆက်လက်ရှိနေမည်ဖြစ်ပြီး အီရတ်တို့ထံ အချုပ်အခြာအာဏာလွှဲပေးမည့် ဇွန်လမတိုင်မီ ကာလအတွင်း ဆန့်ကျင်တိုက်ခိုက်မှုများ တိုးလာဖွယ်ရာရှိကြောင်း ခန့်မှန်းထားခဲ့ကြသည်။ တစ်ချိန်တည်း၌ပင် အီရတ်နှင့် အာဖဂန်နိုင်ငံများတွင် ရှိနေသော အကျဉ်းသား၂၅ ဦးမှာလည်း အမေရိကန်များထိန်းသိမ်းထားစဉ်အတွင်း သေဆုံးသွားရကြောင်း စစ်ဘက်သတင်းထုတ်ပြန်ချက်များ ထွက်ပေါ်လာသည်။ ***အမ်အင်အေ၊ ရိုက်တာ၊ ဆင်ဟွာ။***

အီရတ်အကျဉ်းသားများကိစ္စ ကမ္ဘာ့ကြက်ခြေနီက ကန်ကို အကြိမ်ကြိမ်သတိပေးခဲ့

ဂျီနီဗာ မေ ၇

အမေရိကန် တပ်ဖွဲ့ဝင်များက အီရတ်အကျဉ်းသားများအပေါ် မတော်မတရား ညှဉ်းပန်းနှိပ်စက် ရာ ဘဂ္ဂဒက်အနီးရှိအကျဉ်းထောင်တွင် မှားယွင်းမှုများရှိနေ၍ မှန်ကန်မှုရှိစေရန် တည့်မတ်ပေးရေးကိစ္စအတွက် နိုင်ငံတကာကြက်ခြေနီ ကော်မတီ(အိုင်စီအာစီ)က အမေရိကန်ကို အကြိမ်ကြိမ်တောင်းဆို အသိပေးခဲ့ကြောင်း သတင်းများ ထွက်ပေါ်လာသည်။

ဂျီနီဗာအခြေစိုက် အိုင်စီအာစီသည် အပြည်ပြည်ဆိုင်ရာ စာချုပ်များအရ အကျဉ်းသားများနှင့်သွားရောက်ထိတွေ့ခွင့်ရှိသော အဖွဲ့အစည်းဖြစ်သည်။ ပြီးခဲ့သောနှစ်ကစ၍ အကျဉ်းသားများ ထားရှိရန် အဘူဂါရိပ် အကျဉ်းထောင်ကို အမေရိကန်ခေါင်းဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့များက စတင်အသုံးပြုခဲ့သည်။ ထိုအချိန်မှစ၍ အိုင်စီအာစီအဖွဲ့သည် ၎င်းအကျဉ်းထောင်အတွင်းသို့မကြာခဏ သွားရောက်ခွင့်ရခဲ့ကြောင်း ကြက်ခြေနီအဖွဲ့မှ တာဝန်အရှိဆုံး ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး အပ်တိုနီလာနိုတာရီက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

မေ ၅ ရက်က နာဂျက်ဖ်မြို့တွင် အီရတ် ရီးယိုက် ခုခံတွန်းလှန်ရေး သမားနှစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်ပွဲစတင်သည့်အချိန်မှ မေ ၇ရက်အထိ သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၇၆၃ဦးရှိ

ဘဂ္ဂဒက် မေ ၈

လွန်ခဲ့သည့်နှစ်က အီရတ်နိုင်ငံတွင် စစ်ပွဲစတင်ခဲ့ချိန်မှစ၍ မေ ၇ရက်အထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၇၆၃ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။ ယင်းအနက် ၅၅၆ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၂၀၇ဦးမှာ အခြားအကြောင်းများကြောင့်ဖြစ်သည်။

ထိုအတောအတွင်း ဗြိတိသျှတပ်ဖွဲ့က ၅၈ဦး၊ အီတလီ ၁၇ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦး၊ ယူကရိန်း လေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စ်တိုးနီးယားနှင့် ပိုလန်တို့က တစ်ဦးစီ အသီးသီး သေဆုံးခဲ့သည်။ အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးကြောင်း အမေရိကန်သမ္မတ ဂျော့ဂျ်ဒဗလျူဘုရှ်က ၂၀၀၃ခုနှစ် မေ ၁ရက်က ကြေညာခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၆၂၅ဦး သေဆုံးခဲ့သည်။ ယင်းအနက် ၄၄၇ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးရခြင်းဖြစ်ပြီး ၁၇၈ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု အမေရိကန် စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့် ကြေညာချက်အရ သိရသည်။

အင်တာနက်။

မေ ၇ ရက်က ဘဂ္ဂဒက်မြို့ရှိအဘူဂါရိပ်အကျဉ်းထောင်တွင် ဖမ်းဆီးခံရသည့် ဆွေမျိုးသားချင်းများ၏ သတင်းကို သိရှိရန် အီရတ်များ စောင့်ဆိုင်းနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



ဗြိတိသျှတပ်ဖွဲ့ဝင်များ ဥပဒေမဲ့သတ်ဖြတ်ခဲ့သည့် အီရတ်မိသားစုများ၏ ရှေ့နေများက စွဲချက်ကို တရားရုံးသို့ တင်

လန်ဒန် မေ ၇

အီရတ်စစ်ပွဲလွန်ခေတ်တွင် မိမိတို့ဆွေမျိုးများ ဗြိတိသျှတပ်ဖွဲ့ဝင်များ၏ ဥပဒေမဲ့ သတ်ဖြတ်မှုခံခဲ့ရသည်ဟု စွပ်စွဲထားသည့် အဆိုပါ ဆွေမျိုးများ၏ မိသားစု ၁၄စုဘက်မှ ရှေ့နေများက အဆိုပါ စွပ်စွဲချက်အား လန်ဒန်အထက်တရားရုံးသို့ ဗုဒ္ဓဟူးနေ့တွင် တင်ပြလိုက်သည်။

ဖော်ပြပါသေဆုံးသူများနှင့် ပတ်သက်၍ ဗြိတိသျှကာကွယ်ရေးဌာနက တာဝန်မရှိကြောင်း ငြင်းဆိုထားသည်။ သို့ရာတွင် အဆိုပါ သေဆုံးသူများ မိသားစုရှေ့နေဖြစ်သူ ဖီလ်ရှိုင်းနားက ဥရောပဥပဒေအရ ယင်းသေဆုံးမှုသည် သေဆုံးသူ၏ လူ့အခွင့်အရေးချိုးဖောက်မှု ဟုတ်၊ မဟုတ် စစ်ဆေးရန်အတွက် တရားရေးဆိုင်ရာ သုံးသပ်မှုပြုလုပ်လိုကြောင်း တောင်းဆိုထားသည်။

တပ်ဖွဲ့ဝင်များနှင့် ကာကွယ်ရေးဌာနအနေဖြင့် ပြစ်ဒဏ်အခတ်မခံရဘဲနှင့် လွတ်ရိုးထုံးစံမရှိကြောင်း၊ စုံစမ်းစစ်ဆေးရန် လိုအပ်ကြောင်းဖြင့် ရှိုင်းနားက ဘီဘီစီရေဒီယိုသို့ ပြောကြားသည်။ ဗြိတိသျှအစိုးရက ဖော်ပြပါရှေ့နေများ၏ စစ်ဆေးမှုကိစ္စအပေါ် တုံ့ပြန်ဖြေကြားခဲ့ကြောင်း ကာကွယ်ရေးဌာန၏ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။ မိမိတို့အာရုံ စိုက်စရာအဖြစ် ဖော်ပြခဲ့သည့် ဖော်ပြပါ သေဆုံးမှုအတွက် ဥပဒေကြောင်းအရ တာဝန်ရှိမှုကို မိမိတို့ လက်မခံနိုင်ကြောင်း၊ မိမိတို့ဘက်က အကြောင်းပြချက်များကို ၎င်းကျန်ရစ်သူမိသားစုများအား အကြောင်းကြားစာပို့ထားပြီးဖြစ်ကြောင်းဖြင့် ၎င်းက ဆက်လက် ပြောကြားသည်။

ဖော်ပြပါ သေဆုံးသူအများစုမှာ အိမ်နေရင်းသော်လည်းကောင်း၊ နေ့စဉ် ၎င်းတို့၏ နိစ္စဓူဝကိစ္စများ ဆောင်ရွက်နေခြင်းသော်လည်းကောင်းဖြစ်ပြီး တပ်ဖွဲ့ဝင်များက အိမ်အတွင်းဝင်ရောက်လာပြီး ပစ်သတ်ခဲ့ခြင်းသာဖြစ်ကြောင်း ရှိုင်းနားက ပြောကြားသည်။

တစ်ဦးက လယ်လုပ်ငန်း လုပ်နေကြောင်း၊ နောက်တစ်ဦးက မြစ်ဆိပ်တွင် ငါးမျှားနေကြောင်း၊ အခြားတစ်ဦးက အိမ်ကားဖြင့် ပြန်လာစဉ် အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။

ဖော်ပြပါ အီရတ်နိုင်ငံသားများ သေဆုံးခဲ့စဉ်က အီရတ်စစ်ပွဲမှာ ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဗြိတိန်နိုင်ငံသည် အီရတ်နိုင်ငံသိမ်းပိုက်ရေး အင်အားကြီးဖြစ်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပသဘောတူညီချက်နှင့် အကျုံးဝင်နိုင်ကြောင်း စသည်ဖြင့် ရှိုင်းနားက စောဒကတက်ပြောကြားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

မေ ၅ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ပွဲဖြစ်ပွားခဲ့ပြီးနောက် ပျက်စီးသွားသော နေအိမ်ခေါင်မိုးကို အီရတ်တစ်ဦး ကြည့်ရှုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၃၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ စိန်ပြောင်းကျည်ထိမှန်ခံခဲ့ရသော နေအိမ်တစ်လုံးရှေ့၌ အိမ်ပိုင်ရှင် အီရတ်တစ်ဦး မကျေမနပ်ပြောဆိုနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၆ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ရှီးယိုက်ခုခံတိုက်ခိုက်ရေးသမားများနှင့် အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာမှ ဒဏ်ရာရရှိသွားသော ငါးနှစ်သားအရွယ် အီရတ်ကလေးငယ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂၆ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် အဆောက်အအုံများ မီးလောင်ကျွမ်းနေသည်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မေ ၆ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန် အုပ်ချုပ်ရေးအဖွဲ့ရုံး အဆောက်အအုံ၏ စစ်ဆေးရေးဂိတ်အနီးတွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၇ ရက်က ကူဖာမြို့တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် နေအိမ်တွင်း ပျက်စီးမှုများကို ပြသနေသည့် အီရတ်တစ်ဦးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ဗန်းမော်ဒီဂရီကောလိပ်

ကချင်ပြည်နယ် ဗန်းမော်ဒီဂရီကောလိပ် တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ပုဂံလောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်း လုပ်ငန်းကိုတွေ့ရစဉ်။ (ကြေးမုံ)

နန်းမြင့်မျှော်စင်

မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီး ဥယျာဉ်ရှိ နန်းမြင့်မျှော်စင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ-သိန်းဝင်းကြီး)
(ကြေးမုံ)



ရွှေ-၁ အစမ်းတွင်း

ရခိုင် ကမ်းလွန် ဒေသ ရွှေ-၁ အစမ်းတွင်းမှ သဘာဝ ဓာတ်ငွေ့များ မီးရှို့နေပုံကို တွေ့ရစဉ်။
(ဓာတ်ပုံ-စွမ်းအင်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစဉ်။ (သတင်းစဉ်)

ရပ်စောက်ဒေသအတွင်း အင်းတောနှင့် ဒုဋ္ဌဝတီမြစ်အကြား၌ မြေလွှတ်မြေရိုင်း မေ

တိုင်းရင်းသားလုပ်ငန်းရှင်များအား ခွဲဝေချထားပြီး ကော်ဖီနှင့် နှစ်ရှည်ပင်များ စိုက်ပျိုးဖြစ်ထွန်းလာ

❀ ရှေ့ဖုံးမှ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဌေးမြင့်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း(တီကျစ်)၏ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုများနှင့် ပြီးစီးမှုအခြေအနေများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်း တင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများပြီးစီးမှု၊ ဇွန်လ ဒုတိယပတ်တွင် ပထမစက်တစ်လုံး စတင် စမ်းသပ်လည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်နေပြီး ဇူလိုင်လမှစ၍ အပြည့်အဝ လည်ပတ်နိုင်ရန် စီစဉ်ထားမှု၊ ဒုတိယစက်တစ်လုံးကို ဩဂုတ်လအတွင်းတွင် လည်ပတ်ရန်စီမံထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးချစ်ခိုင်က ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံအတွက် ကျောက်မီးသွေး တူးဖော်ပေးသွင်းသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

စနစ်တကျပြင်ဆင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဤစက်ရုံသည် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်နိုင်စွမ်းရှိသော ကျောက်မီးသွေးသုံးစက်ရုံဖြစ်ရာ စက်ရုံကို စံချိန်စံညွှန်းများနှင့်အညီ အမြန်ပြီးစီးအောင် အလေးထားတည်ဆောက်ကြရန်လိုသကဲ့သို့ စက်ရုံပုံမှန်လည်ပတ်ရေးအတွက် လိုအပ်ချက်များကိုလည်း ယခုကတည်းကပင် စနစ်တကျတွက်ချက်ပြင်ဆင်ထားရှိရန်လိုအပ်ကြောင်း။

ဤစက်ရုံက ထုတ်လုပ်ပေးမည့် လျှပ်စစ်ဓာတ်အားသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်းပေးနိုင်မှာဖြစ်၍ အဘက်ဘက်မှ အလေးဂရုပြု လုပ်ဆောင်သွားကြရန်ဖြစ်ကြောင်း ရှင်းလင်းမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ အမှတ်(၁) ဘွိုင်လာနှင့် အမှတ်(၂) ဘွိုင်လာ တည်ဆောက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း၊ ပင်မစက်ရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ စက်ရုံစီမံကိန်းလုပ်ငန်းများ ပြီးစီးနေမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက် လုပ်ငန်းခွင်သို့ သွားရောက်ကြပြီး တီကျစ်ဒေသမှ တူးဖော်ရရှိမည့် ကျောက်မီးသွေးနမူနာနှင့် ကျောက်မီးသွေးတူးဖော်မည့် လုပ်ကွက်ပုံစံငယ်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တီကျစ်ဒေသရှိ ကျောက်မီးသွေးတူးဖော်မည့် လုပ်ကွက်ကြီးနှင့် ရှမ်းရိုးမနဂါး ကုမ္ပဏီလီမိတက်၏ လုပ်ငန်းသုံးစက်ယန္တရားကြီးများကို ကြည့်ရှုကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံသို့ ပြန်လည်ရောက်ရှိကြပြီး ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုကိုလည်းကောင်း၊ မဟာဓာတ်အားလိုင်း သွယ်တန်းပြီးစီးမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်)မှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်းစက်ရုံဖြစ်သည်။

မဂ္ဂါဝပ် ၆၀ထုတ်လုပ်ပေးနိုင်မည့် အမှတ်(၁)စက်ကို လာမည့် ဇူလိုင်လမှစ၍ အပြည့်အဝ စတင်လည်ပတ်သွားမည်ဖြစ်ပြီး မဂ္ဂါဝပ် ၆၀ ထုတ်လုပ်ပေးနိုင်မည့် အမှတ်(၂) စက်မှာ ဩဂုတ်လအကုန်တွင် လည်ပတ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံတွင် ဂျင်နရေတာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ရဟတ်ယာဉ်များဖြင့် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့သို့ ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူးနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများက ကြိုဆိုကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မေ ၆ ရက် နံနက် ၉နာရီခွဲတွင် ရပ်စောက်မြို့နယ်ရှိ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ်စက်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ရေခေါ်မြောင်းနှင့် ရေသွင်းအဆောက်အအုံကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေထုတ်မြောင်းကိုလည်းကောင်း၊ ရေအားလျှပ်စစ်စက်ရုံ၏ အမှတ်(၂) ဂျင်နရေတာနှင့် အမှတ်(၁) ဂျင်နရေတာတို့ကိုလည်းကောင်း၊ ဓာတ်အားထိန်းချုပ်ခန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် စက်ရုံ၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ဇော်ဂျီရေလှောင်တမံ

ရေအားလျှပ်စစ်စက်ရုံမှ နှစ်စဉ် ဓာတ်
ရှင်းလင်းတင်ပြသည်။

မျှဝေထမ်း

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျ
က ဇော်ဂျီရေလှောင်တမံသည် စိုက်ပျိ
ရေပေးဝေရေးလုပ်ငန်းနှင့် လျှပ်စစ်ဓ
အကျိုးပြုနေသော ရေလှောင်တမံကြီးဖြ
ဟန်ချက်ညီညီ မျှဝေထမ်းဆောင်နိုင်ရေ

ရေလှောင်တမံအတွင်း ရေဝင်မှု
ထိန်းကျောင်း၍ အကျိုးအရှိဆုံး အသုံး
များက အဆင့်ဆင့် စနစ်တကျ ညှိ
မှာကြားသည်။

ဇော်ဂျီရေလှောင်တမံ ရေအား
စက်နှစ်လုံး တပ်ဆင်ထားပြီး ၁၂ မဂ္ဂါ
ဖြန့်ဖြူးပေးလျက်ရှိသည်။ ဤစက်ရုံကို
ဖွင့်လှစ်ခဲ့သည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များ ဗထူးတပ်နယ်၌ စိုက်ပျိုးထားသည့် သရက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တွေ့ဆုံနှု

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြ
ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွ
ကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာမ
ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူး
၁၉၉၈ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဖွ
ကျောက်ဂူ-တာပလန်-နောင်ချိုကားလ
ကြည့်ရှုကြသည်။

ထို့နောက် ကျေးရွာရှိ ယာယီရှင်းလ
လုပ်ငန်း တောင်ကြီးခရိုင် အင်ဂျင်နီ

ရေအားလျှပ်စစ်စက်ရုံမှ နှစ်စဉ် ဓာတ်အားထုတ်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မျှဝေထမ်းဆောင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဇော်ဂျီရေလှောင်တမံသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သောရေပေးဝေရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတို့ကို အကျိုးပြုနေသော ရေလှောင်တမံကြီးဖြစ်ရာ လုပ်ငန်းတာဝန် နှစ်ရပ်စလုံးကို ဟန်ချက်ညီညီ မျှဝေထမ်းဆောင်နိုင်ရန် အရေးကြီးကြောင်း။

ရေလှောင်တမံအတွင်း ရေဝင်မှုနှင့် ရေထုတ်မှုတို့ကို မှန်ကန်စွာ ထိန်းကျောင်း၍ အကျိုးအရှိဆုံး အသုံးချသွားနိုင်အောင် တာဝန်ခံဝန်ထမ်းများက အဆင့်ဆင့် စနစ်တကျ ညှိနှိုင်းလုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ဇော်ဂျီရေလှောင်တမံ ရေအားလျှပ်စစ် စက်ရုံတွင် ခြောက်မဂ္ဂါဝပ်ရှိ စက်နှစ်လုံး တပ်ဆင်ထားပြီး ၁၂ မဂ္ဂါဝပ် ထုတ်လုပ်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။ ဤစက်ရုံကို ၂၀၀၀ ပြည့်နှစ် မတ် ၁၆ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

မြေလွတ်မြေရိုင်း ကေသောင်းချီရှိ
များ စိုက်ပျိုးဖြစ်ထွန်းလာအောင် အားပေး



ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပင်လောင်းမြို့နယ်ရှိ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း(တီကျစ်) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း၏ လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် မှာကြားသည်။

အချိန်တိုအတွင်းသွားလာနိုင်

ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်းမှာ လမ်းသား အကျယ်ပေ ၃၀၊ ကျောက်ချောလမ်း ၂၂ ပေရှိသည့် လမ်းဖြစ်သည်။ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကို အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်သည့် လမ်းဖြစ်သည်။

ယင်းလမ်းတွင် ဒုဋ္ဌဝတီမြစ်ကူး(နောင်ချို) တံတားကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တည်ဆောက်လျက်ရှိရာ ပြီးစီးပါက ပိုမိုမြန်ဆန်လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

အဆိုပါ ရှင်းလင်းဆောင်၌ပင် ခရိုင်အင်ဂျင်နီယာမှူးက ရပ်စောက်မြို့နယ် ၁၈မိုင်လမ်းဆုံမှ အင်တောသို့ ဆက်သွယ်သည့် လမ်းသစ်ဖောက်လုပ်နိုင်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ပြည်သူများ သွားလာမှုအဆင်ပြေရေးအတွက် ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်သွားရန် ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျောက်ဆုံကျေးရွာကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ဝင်ရောက်ကြပြီး ဆရာတော် ဦးသံဝရနှင့် ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်းနှင့် ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်နေမှုတို့ကိုလည်း ကောင်း၊ အင်တောနှင့် တာပလန်အကြား သစ်တောဖြစ်ထွန်းမှုနှင့် စိုက်ပျိုးနိုင်မည့် မြေလွတ်၊ မြေရိုင်းတည်ရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုကြသည်။

ကျောက်ဆုံကုန်းခြံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ်ရှိ ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်၏ ကျောက်ဆုံကုန်းခြံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ခြံမန်နေဂျာ ဦးစိုးထွန်းက ပွင့်ကောင်းနှင့် ခင်နွဲ့ရီကုမ္ပဏီလီမိတက်အနေဖြင့် ရပ်စောက်မြို့နယ် တပ်ဦးခြံတွင် ဧက ၂၀၀၊ မြောင်းတော်ခြံတွင် ဧက ၁၁၆၀နှင့် ကျောက်ဆုံကုန်းခြံတွင် ၉၀၅ဧက စိုက်ပျိုးလုပ်ကိုင်ခွင့်များ ရရှိထားမှု၊ ကြံ၊ အစေ့ထုတ်ပြောင်း၊ ယာစပါး၊ ပဲယင်း၊ နံ့စားပြောင်း၊ ကော်ဖီ၊ ရော်ဘာ၊ သံပရာ၊ စပါး၊ သစ်ဆိမ့်၊ လိမ္မော်၊ သရက်၊ လိုင်ချီး၊ လောင်ဂန်၊ ပိန္နဲ၊ ပန်းနွမ်း စသည့် ရာသီသီးပင်၊ စားပင်များ၊ နှစ်ရှည်ပင်များ စိုက်ပျိုးမှုနှင့် အထွက်နှုန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဝမ်းသာဂုဏ်ယူ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တိုင်းရင်းသားလုပ်ငန်းရှင်တစ်ဦးအနေဖြင့် ယခုကဲ့သို့ ကြိုးစားပမ်းစား စိုက်ပျိုးထုတ်လုပ်နေမှုကို ဝမ်းသာဂုဏ်ယူပါကြောင်း။

မိမိတို့နိုင်ငံ၌ မြေလွတ်မြေရိုင်းများစသည့် မြေသယံဇာတများစွာရှိရာ လယ်မြေ၊ ယာမြေ ဖော်ထုတ်စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးတို့အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ် မြေရိုင်းများကို ဧကထောင်၊ သောင်းချီ၍ ခွင့်ပြုပေးခဲ့ပြီး တိုင်းပြည်၏ လယ်ယာလုပ်ငန်းရှင်များအဖြစ် ပေါ်ထွက်လာအောင် အားပေးပျိုးထောင်ပေးလျက်ရှိကြောင်း။

သမားရိုးကျ မိသားစုတစ်ပိုင်တစ်နိုင် လုပ်ကိုင်နေသည့် တောင်သူလယ်သမားများ၏ လယ်ယာစိုက်ပျိုးရေး လုပ်ကွက်ငယ်များနှင့်အတူ ဧကထောင်၊ သောင်းချီသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ခေတ်မီလယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာမှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ရရှိပြီး ပြည်ပပို့ကုန်လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ ထိရောက်အောင်မြင်လာမှာဖြစ်ကြောင်း။

သို့မှသာ နိုင်ငံတော်အတွက်လည်း အကျိုးရှိပြီး စိုက်ပျိုးထုတ်လုပ်သော လုပ်ငန်းရှင်များအတွက်လည်း အကျိုးဖြစ်ထွန်းမှာဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာရှိ ယာယီရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း၏ လက်ရှိအခြေအနေကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ကေသောင်းချီရှိ

ယခု ရပ်စောက်ဒေသအတွင်း အင်တောနှင့် ဒုဋ္ဌဝတီမြစ်အကြား၌ မြေလွတ်မြေရိုင်း ကေသောင်းချီရှိရာ ရေမြေရာသီဥတုအခြေအနေအရ ကော်ဖီနှင့် အခြားဖြစ်ထွန်းနိုင်သော နှစ်ရှည်ပင်များကို စိုက်ပျိုးလျှင် အောင်မြင်နိုင်ကြောင်း။

ယခုဒေသသည် ကော်ဖီဇရိယာများဖြစ်သည့် ပြင်ဦးလွင်၊ နောင်ချိုဒေသများနှင့်လည်း တစ်ဆက်တစ်စပ်တည်း တည်ရှိသော ဒေသလည်းဖြစ်ကြောင်း၊ ယင်းမြေဇရိယာများကို တိုင်းရင်းသား လုပ်ငန်းရှင်များအား ခွဲဝေချထားပြီး ကော်ဖီနှင့် အခြားနှစ်ရှည်ပင်များကို စိုက်ပျိုးဖြစ်ထွန်းလာအောင် အားပေးသွားရန် မိမိတို့စီမံလျက်ရှိကြောင်း။

ဇွဲရှိရှိဖော်ထုတ်

ပုဂ္ဂလိက လုပ်ငန်းရှင်များကလည်း မိမိတို့၏အကျိုး၊ နိုင်ငံတော်၏အကျိုးအတွက် နှစ်ရှည်ပင်စိုက်ကွက်များကို ဖိဖိစီးစီး ဇွဲရှိရှိ ဖော်ထုတ်သွားကြရမှာဖြစ်ကြောင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက် အစီအစဉ်များကို ဆက်စပ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကော်ဖီပင်နှင့် လိမ္မော်ပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ဗထူးတပ်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး ဗထူးတပ်နယ်၌ စိုက်ပျိုးထားသည့် သရက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းက စိန်တစ်လုံးနှင့် ရင်ကွဲသရက် နမူနာများနှင့် သရက်ပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

သရက်စိုက်ခင်းများကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး အောင်မြင်ဖြစ်ထွန်းနေသည့် သရက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ဗထူးတပ်နယ်တွင် ဗထူးတပ်နယ်မိသားစုများက စိန်တစ်လုံးနှင့် ရင်ကွဲသရက် စုစုပေါင်း အပင် ၁၃၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်သည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ကျောက်ဆုံကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာမှကြိုဆိုနှုတ်ဆက်ကြသည့် ဌာနဆိုင်ရာများ၊ ဒေသခံရွာသူ၊ ရွာသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ၁၉၉၈ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်တွင် ဖွင့်လှစ်ခဲ့သည့် ရွှေညောင်-ရပ်စောက်-ကျောက်ဂူ-တာပလန်-နောင်ချိုကားလမ်း မှတ်တမ်းကျောက်စာတိုင်ကို ကြည့်ရှုကြသည်။

ထို့နောက် ကျေးရွာရှိ ယာယီရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တောင်ကြီးခရိုင် အင်ဂျင်နီယာမှူး ဦးဖေမင်းက ရွှေညောင်-

❀ မွန်ပြည်နယ်မှ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်း ဆံတော်ရှင်စေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဘီးလင်းမြို့နယ်ရှိ ရွှေဘုံသာစေတီတော်၊ ကြက်မင်းတောင်စေတီတော်နှင့် ဗားမဲ့ဆံတော်ရှင်စေတီတော် ရွှေထီးတော်တင် အလှူတော်မင်္ဂလာရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၉နာရီတွင် ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်း နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ၊ ကျိုက်ထီးဆောင်းဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပနှင့် မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် ပင့်ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးဝတ်အဖွဲ့များနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တ ကေသရက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ကိုးပါးသီလခံယူ

ဆက်လက်၍ ဇုတ်သုတ်စံပြကျေးရွာ ကျိုက်ထီးဆောင်းကျောင်း တိုက်အုပ်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂိန္ဒထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေဘုံသာစေတီတွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကို လည်းကောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရထံ ဆက်ကပ်လှူဒါန်းသည်။

ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တ ပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာဆံတော်ရှင်စေတီတော်၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရွှေတိဂုံ ပုံတူပွားစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ကျိုက်ထီးဆောင်းဆရာတော်ဘဒ္ဒန္တပညာဒီပထံဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဗားမဲ့ဆံတော်ရှင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူပွားစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်က ကျိုက်ထီးရိုး ဆံတော်ရှင် ပုံတူပွား စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ကြက်မင်းတောင်စေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကိုလည်းကောင်း၊ လှူဖွယ်ပစ္စည်းများကိုလည်းကောင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများနှင့် အလှူရှင်များက ဆရာတော် သံဃာတော်နှင့် သီလရှင်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းအတွက် ဒေါက်တာခင်ရွှေ၊ ဇနီး ဒေါ်စန်းစန်းကြွယ် (ဇေကမ္ဘာကုမ္ပဏီ) မိသားစုတို့က ငွေကျပ်သိန်း ၃၀၀၊ မန္တလေးသိန်းဇော်၊ ဇနီး ဒေါက်တာချိုအေးဟန်တို့က ငွေကျပ်သိန်း ၅၀၊ ဦးအောင်ကိုဝင်း၊ ဒေါ်နန်းသန်းထွေး (ကမ္ဘောဇဘဏ်လီမိတက်)က ငွေကျပ် ၂၅သိန်း၊ ဒေါ်အေးမြနွယ် (ပုဂံဟိုတယ်) က ငွေကျပ်ခြောက်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံသည်။

ယင်းနောက် ရွှေဘုံသာစေတီတော်ကို ကျိုက်ထီးဆောင်းဆရာတော်အား ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့မှ တာဝန်ပေးအပ်လွှာကို သာသနာရေးဦးစီးဌာန

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ●

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေတိဂုံ ပုံတူပွားစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာစေတီတော်၊ ကြက်မင်းတောင်စေတီတော်နှင့် ဗားမဲ့ဆံတော်ရှင်စေတီတော် ရွှေထီးတော်တင် အလှူတော်မင်္ဂလာ ရေစက်ချနှင့် ကျိုက်ထီးဆောင်းဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားအပြီးတွင် ဗန္ဒရသရက်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၉-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။	**တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇:၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၀	၇။	အဆိုပြိုင်ပွဲ
၈:၂၀	၈။	ဘိုင်းဒါးတံတား(ပဲခူးတိုင်း)
၈:၃၀	၉။	International News.
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နက်ရှိုင်းမေတ္တာ" (အပိုင်း-၄၀)**
၁၂:၁၅	၅။	နဂါးရေလှောင်တမံ
၁၂:၃၀	၆။	**"အဖြူရောင်မေတ္တာ" (မင်းမော်ကွန်း၊ ရီဝေယံ၊ ဆုပိုပိုအောင်) (ဒါရိုက်တာ-အောင်မြင့်မြတ်)**
၁:၄၅	၇။	တိတ်ဆိတ်ငြိမ်းချမ်း စိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည် သာသနာ့ရိပ်သာ
၂:၀၀	၈။	တေးဂီတအစီအစဉ်
၂:၁၅	၉။	**"အန္တရာယ်ကင်းစေ ဘေးရှင်းစေ" (လူမင်း၊ ဟန်နီထွန်း) (ဒါရိုက်တာ-သက်တင်)**
၂:၃၀	၁၀။	ရွှေလောင်းတံတား
၂:၄၅	၁၁။	International News.
၃:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။	English For Everyday Use.
၄:၄၅	၄။	သာယာချိုအေး (၃၈)ဖြာမင်္ဂလာတေး
၄:၅၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ်(သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅:၁၀	၆။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၂၅	၇။	တေးဂီတအစီအစဉ်
၅:၄၀	၈။	ကံတင်ဘီးလင်းရေလှောင်တမံ
၅:၅၀	၉။	ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀	၁၀။	ညနေခင်းသတင်း
၇:၀၀	၁၁။	မိုးလေဝသအခြေအနေ
၇:၀၅	၁၂။	**နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်" (အပိုင်း-၁၀)**
၇:၃၀	၁၃။	စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၇:၄၀	၁၄။	တေးဂီတအစီအစဉ်
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	**Calcio Series A ဘောလုံးပွဲထုတ်လွှင့်မှုအစီအစဉ်**
	၁၉။	နောက်တစ်နေ့အစီအစဉ်
	၂၀။	အစီအစဉ်ပြီး၏။



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ရွှေဘုံသာစေတီ ရွှေတိဂုံပုံတူပွားစေတီ၊ ကျိုက်ထီးဆောင်းဆံတော်ရှင် ပုံတူပွားစေတီ၊ ကျိုက်ထီးရိုး ဆံတော်ရှင်ပုံတူပွားစေတီ၊ ကြက်မင်းတောင်စေတီနှင့် ဗားမဲ့ဆံတော်ရှင်စေတီထီးတော်တင်လှူပွဲ မင်္ဂလာရေစက်ချနှင့်ကျိုက်ထီးဆောင်း ဆရာတော်အား ဂုဏ်ပြုပူဇော်ပွဲ မင်္ဂလာအခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

● **စာမျက်နှာ ၁၀ မှ**

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပအား ဆက်ကပ်သည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ကျိုက်ထီးဆောင်းဆံတော်ရှင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာဒီပ၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်သည်။

ချီးကျူးပူဇော်

ထို့နောက် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူတော်မူကြသော ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တနာဂိန္ဒနှင့် သီလရှင်ဆရာကြီး ဒေါ်ရူပသိင်္ဂီတို့အား ဂုဏ်ပြုပူဇော်သောအားဖြင့် နိုင်ငံတော်အဆိုကျော် ဒေါ်တင်တင်မြနှင့် ဒေါ်ထားတို့က မင်္ဂလာရတုပိုဒ်စုံတို့ဖြင့်လည်းကောင်း၊မန္တလေးသိန်းဇော်က ဂုဏပူဇာတေးထပ်ဖြင့် လည်းကောင်း သီဆိုချီးကျူးပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညာဒီပက ရေစက်ချတရား ချီးမြှင့်တော်မူပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ရွှေမိုးငွေမိုးရွာသွန်း

မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဆက်လက်၍ ရေးဟောင်းသမိုင်းဝင် ရွှေဘုံသာဆံတော်ရှင် စေတီတော်အား စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲအစီအစဉ်ကို မွန်းတည့် ၁၂နာရီတွင် အဆိုပါစေတီတော်အနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဩဝါဒကထာချီးမြှင့်

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာဒီပက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ထို့နောက် ရွှေဘုံသာဆံတော်ရှင် စေတီတော် စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ အစီအစဉ်ကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို မင်္ဂလာမဏ္ဍပ်မှပင့်ဆောင်ကြပြီး စေတီတော်အား လှည့်လည်အပူဇော်ခံကာ စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

ထို့နောက် သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော ဂါထာတော်ကို ရွတ်ဖတ်ပူဇော်သည်။

တင်လှူပူဇော်

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် ရွှေဘုံသာဆံတော်ရှင် စေတီတော်၏ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္တနာပြု ဆုတောင်းသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်တို့သည် စေတီတော်မော်ကွန်းကမ္ပည်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဗန္ဓုရ သရက်ပင်နှင့် အင်ကြင်းပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ရွှေတိဂုံပုံတူပွားစေတီ၊ ကျိုက်ထီးဆောင်း ဆံတော်ရှင် ပုံတူပွားစေတီ၊ ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူပွားစေတီ၊ ကြက်မင်းတောင် စေတီနှင့် ဗားမဲ့ဆံတော်ရှင်စေတီ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲကို ဘီးလင်းမြို့နယ်ရှိ ကေလာသတောင်ရိုး၌ ကျင်းပသည်။

ရွှေတိဂုံပုံတူပွားစေတီ

ရှေးဦးစွာ ရွှေတိဂုံ ပုံတူပွားစေတီ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တင်လှူပူဇော်ပွဲ အစီအစဉ်ကို အဆိုပါစေတီ၌ ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစချီသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ရွှေတိဂုံပုံတူပွားစေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ တင်လှူပူဇော်ကြသည်။

ယင်းနောက် ကျိုက်ထီးဆောင်း ဆရာတော်ဘဒ္ဒန္တ ပညာဒီပက မေတ္တာပို့ ပတ္တနာပြုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုက်ထီးဆောင်းပုံတူပွား

ထို့နောက် ကျိုက်ထီးဆောင်း ဆံတော်ရှင် ပုံတူပွားစေတီငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသောဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က ကျိုက်ထီးဆောင်း ဆံတော်ရှင် ပုံတူပွား စေတီတော်အား ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပက မေတ္တာပို့ ပတ္တနာပြု ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကျိုက်ထီးရိုးပုံတူပွား

ဆက်လက်၍ ကျိုက်ထီးရိုး ဆံတော်ရှင် ပုံတူပွားစေတီတော် ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ကျင်းပသည်။

အစီအစဉ်အရ သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က ဇယမင်္ဂလာဗောဓိယာမူလေ အစရှိသော ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

မင်္ဂလာအချိန်တွင် ကျိုက်ထီးဆောင်း ဆရာတော်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ကျိုက်ထီးရိုးဆံတော်ရှင် ပုံတူပွားစေတီတော်အား ငှက်မြတ်နားတော်၊ စိန်ဖူးတော် တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တ ပညာဒီပက မေတ္တာပို့ ပတ္တနာပြုဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြက်မင်းတောင်စေတီတော်

ဆက်လက်၍ ကြက်မင်းတောင် စေတီတော် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော် တင်လှူပူဇော်ပွဲကို ကျင်းပရာ ကျိုက်ထီးဆောင်းဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့က စေတီတော်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ကြသည်။

ထို့နောက် ကျိုက်ထီးဆောင်း ဆရာတော် ဘဒ္ဒန္တပညာဒီပနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တို့သည် ဗားမဲ့ဆံတော်ရှင် စေတီတော်အား စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူပူဇော်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရားအလှူပေးဝေမည်

ရန်ကုန် မေ ၈

ဗုဒ္ဓဘာသာ၏ အနှစ်သာရနှင့် ချမ်းသာအစစ်ဖြစ်သော နိဗ္ဗာန်ခရီးအတွက် ရှင်းလင်း လွယ်ကူသော ဝိပဿနာအားထုတ်နည်းများ ပြန့်ပွားစေရန် ရည်ရွယ်၍ အမှတ်(၁၂၆)(၃–လွှာ) ၃၈–လမ်း ရန်ကုန်မြို့ ဖုန်း–၂၅၀၇၀၀ ၌ တည်ရှိသော အဝိဇ္ဇာမှ ဝိဇ္ဇာသို့ တရားအလှူတော် လုပ်ငန်း၏ လုပ်ငန်းခွဲ(၃၁)ကို "ရွှေမိသားစု" အမှတ်(၂၄)၊ ဈေးလမ်း ကျွဲပွဲမြို့ အုတ်တွင်းမြို့နယ် ပဲခူးတိုင်း၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၂)ကို ဦးဇော်ဝင်း–ဒေါ်မြသိန်း ချောင်းငန်းတန်းလမ်း ပုတီးကုန်းမြို့ သဲကုန်းမြို့နယ် ပဲခူးတိုင်း၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၃)ကို စာရိတ္တမြင့်တင်ရေးဓမ္မာရုံ ၉၁–လမ်း ကန်တော်လေး မင်္ဂလာတောင်ညွန့်မြို့နယ်၌လည်းကောင်း၊ လုပ်ငန်းခွဲ(၃၄)ကို ဗဟိုလ်စတိုး၊ အမှတ် ၂၀၉(၁)ရပ်ကွက် ချောင်းတွင်း လမ်းမကြီး ဖျာပုံမြို့ ဖုန်း–၀၄၅–၄၀၅၅၄/၄၀၂၂၇၌ လည်းကောင်း၊ လုပ်ငန်းခွဲ(၃၅)ကို ဦးသုဇနကုန်း ကျောင်းစာသင်တိုက် ကျောက်ကြီးမြို့၊ ပဲခူးတိုင်း၌ လည်းကောင်း ဖွင့်လှစ်ထားရှိသည်။ ယင်းနေရာများ၌ သစ္စာတရားခွေနှင့် တရားစာအုပ်များကို မည်သူမဆို ဓမ္မဒါန အခမဲ့ ငှားရမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

သံတွဲခရိုင်ဥက္ကဋ္ဌဒိုင်း မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၃၀ ရက်က သံတွဲမြို့ အားကစားကွင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က ပထမဆုရ သံတွဲမြို့နယ်အသင်းအား ဒိုင်းဆုချီးမြှင့်စဉ်။ (က–ပ)

မင်္ဂလာဗျူဟာ သင်တန်းများဖွင့်မည်

ရန်ကုန် မေ ၈

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၂၅)ကြိမ်မြောက် အဘိဓမ္မာ ဋီကာကျော်–ဝိသုဒ္ဓိမဂ် သင်တန်းများဖွင့်ပွဲကို မေ၁၆ရက်တွင် ကျင်းပ၍ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ မည်သူမဆို တက်ရောက်သင်ကြားနိုင်သည်ဟု သိရသည်။

(က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၉–၅–၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဆရာတော်ဦးဃောသိတတရားတော် "သမ္မာဒိဋ္ဌိငါးမျိုး"
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ သာယာသီကြွေးခေတ်ဆန်းတေး
၄:၃၀	၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် – MICRO BUSINESS (အိမ်တွင်းစီးပွား)
၅:၀၀	၆။ အဝေးကမ္ဘာတွေးစရာ
၆:၀၀	၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၈။ နိုင်ငံတကာသတင်း
၆:၂၀	၉။ မိုးလေဝသသတင်း
၆:၂၅	၁၀။ မြန်မာ့ရှုခင်း
၆:၄၀	၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း–၈)**
၈:၀၀	၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
	၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်သူ့တရားရှင်၊ မိခင်သစ္စာ" (အပိုင်း–၄)**
	၁၈။ သင့်အတွက်နေ့ကံဖြစ်
	၁၉။ အပိတ်နှုတ်ဆက်စကား
	၂၀။ ပြီးပါပြီ။

မီးကြွင်း မီးကျန် မရှိရန်
ကျင့်ကြံသတိ အမြဲရှိ

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦး ဘိုးရဟန်း အခြေခံပညာမူလတန်းကျောင်းနှင့် မြကျိုင်းတောင် အခြေခံပညာမူလတန်းကျောင်းများ၏ ကျောင်းဆောင်သစ်များ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲတွင် ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

❒ **ကျေးလက်ဖွံ့ဖြိုးရေးမှ**

ရွှေကြိုးဆွဲ၍ "နိုင်ငံတော်၏ ပညာရေးဆောင်ပုဒ်"ကို ဖွင့်လှစ်ပေးကြသည်။

ထိုအချိန်တွင် ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးလိုက်ပြီး ကမ္ပည်းမော်ကွန်းကို နံ့သာရည်ဖြင့် ပက်ဖျန်းကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဝေ့တန်းရှည် ရေထိန်းတံခါး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ကျိုက်ထီးဆောင်းဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် တည်ဆောက်လျက်ရှိသော ဘီးလင်းမြို့နယ် ဝေ့တန်းရှည် ရေထိန်းတံခါးတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ထို့နောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူတို့က လယ်မြေဧက ၁၂၀၀ အကျိုးပြုမည့် ဝေ့တန်းရှည် ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၌ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

မှာကြား

ရှေးဦးစွာ ဘီးလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဦးက မြို့နယ်၏ တည်နေရာ၊ အကျယ်အဝန်း၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ ဆီထွက်သီးနှံနှင့် ပဲအမျိုးမျိုးစိုက်ပျိုးနိုင်မှု၊ ရော်ဘာနှင့် ကြံစိုက်ပျိုးမှု၊ ဒေသဝမ်းစာ ဖူလုံမှု၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ရေရရှိရေး စသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တပ်တော်ဦး ဘိုးရဟန်း အခြေခံပညာ မူလတန်းကျောင်းအတွက် ကွန်ပျူတာ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဇုတ်သုတ်စံပြကျေးရွာ တပ်တော်ဦး ဘိုးရဟန်းအခြေခံပညာ မူလတန်းကျောင်းအတွက် ကွန်ပျူတာ၊ ရုပ်မြင်သံကြားစက်နှင့် ဗီဒီယိုပြစက်တို့ကို ကျောင်းအုပ်ကြီးအား ပေးအပ်စဉ်။ (သတင်းစဉ်)

အလှူငွေပေးအပ်

ယင်းနောက် ဇုတ်သုတ်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း ပညာရေး ငွေပဒေသာပင်အတွက် ကျိုက်ထီးဆောင်းဆရာတော်က ငွေကျပ် ၁၁၀၀၀၀၀၊ ဇေကမ္ဘာဒေါက်တာခင်ရွှေ-ဒေါ်စန်းစန်းကြွယ်တို့က ငွေကျပ် ၃၀၀၀၀၀၀၊ ဦးသန့်ဟန်-ဒေါ်ဝင်းဏီတို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးကက်နက်ပီလေး- ဒေါ်သင်းသင်းထွေးတို့က ငွေကျပ် ၁၅၀၀၀၀၀၊ မန္တလေးသိန်းဇော်-ဒေါက်တာဒေါ်ချို အေးဟန်တို့က ငွေကျပ် ၅၀၀၀၀၀၊ ဦးမြင့်သိန်း(ပြည့်ပြည့်ဗီဒီယို)-ဒေါ်ချိုချို တို့က ငွေကျပ် ၅၀၀၀၀၀၊ ဒေါ်အေးမြနွယ်(ပုဂံဟိုတယ်)က ငွေကျပ် ၅၀၀၀၀၀၊ ဦးထွန်းငွေ၊ ဦးကျော်ဝင်း၊ ဦးကျော်မြင့်တို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးလှစိန်၊ ဦးခင်ဌေး၊ ဦးခင်မြင့်တို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးရွှေခိုင်၊ဦးတင်လှ၊ ဦးဖေကြီးတို့ကငွေကျပ် ၃၀၀၀၀၀၊ ဦးအေးမျိုးမင်း၊ဒေါ်ကျင်မြင့်၊ ဦးတင်ငွေတို့က ငွေကျပ် ၃၀၀၀၀၀၊ဦးငြိမ်းအောင်၊ ဦးထွန်းမြင့်၊ ဦးတင်သန်းတို့က ငွေကျပ် ၃၀၀၀၀၀၊ ဦးကြူ၊ ဦးသန်းကိုတို့က ငွေကျပ် ၂၀၀၀၀၀၊ ဦးသန်းအောင်၊ ဦးဝင်းသိန်း၊ ဦးမဲညိုတို့က ငွေကျပ် ၁၅၀၀၀၀၊ ယုဇနဦးဌေးမြင့်က ငွေကျပ် ၁၀၀၀၀၀၀၊ ဦးဝင်းအောင် (ဒဂုန်အင်တာနေရှင်နယ်)က ငွေကျပ် ၁၀၀၀၀၀၀၊ အိုလံပစ် ဦးအိုက်ထွန်းက ငွေကျပ် ၁၀၀၀၀၀၀၊ အာရှမောင်မောင်က ငွေကျပ် ၅၀၀၀၀၀၊ ရွှေကျားပျံကုမ္ပဏီ ဒေါက်တာဇော်ထွန်းက ငွေကျပ် ၅၀၀၀၀၀၊ဦးတင်စိန်ယူနီဗာဆယ်ကုမ္ပဏီက ငွေကျပ် ၁၀၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်နှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်တို့က လက်ခံကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့ ဘီးလင်းမြို့နယ်ဖွံ့ဖြိုးရေးနှင့် ဒေသနေ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးများကို အထောက်အကူဖြစ်စေမည့် ပံ့ပိုးဆောင်ရွက်ပေးဖွယ်ရာများကို ပံ့ပိုးဖြည့်ဆည်းပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ဒေသနေ တိုင်းရင်းသားများ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်လာစေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် ချမှတ်ပေးထားပြီး ဗဟိုအဆင့်က လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ပံ့ပိုးစီမံပေးလျက်ရှိ

ကျေးလက်ဒေသများ၏ ပညာရေးနှင့် ကျန်းမာရေးအဆင့် တိုးမြင့်လာရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ကျေးလက်စီးပွားရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေရရှိရေးတို့အတွက် လိုအပ်သည်များကို ပံ့ပိုးစီမံပေးလျက်ရှိနေကြောင်း။

မြို့နယ် ဌာနဆိုင်ရာများအနေဖြင့် မိမိမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူများ လူနေမှုအဆင့်မြင့်မားရေးအတွက် မိမိတို့ ဖြည့်ဆည်းပေးရမည့်အခြေအနေများကို ကျေးလက်များအထိ ကွင်းဆင်းလေ့လာပြီး ဆောင်ရွက်ပေးဖွယ်ရာများကို စီမံဖြည့်ဆည်းပေးကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသများ၏ စီးပွားရေးကို အထောက်အကူဖြစ်စေရန် စိုက်ပျိုးရေးသီးနှံ ၁၀မျိုးအထွက်တိုးရေး ပန်းတိုင် စီမံချက်ချမှတ်ပေးထားပြီးဖြစ်ရာ မြို့နယ်စိုက်ပျိုးရေးတာဝန်ရှိသူများက စီမံချက်ပါ ရည်မှန်းချက်များ အမှန်အောင်မြင်စေရန် နည်းပညာ ပံ့ပိုးပေးခြင်း၊ အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း စသည့် ပံ့ပိုးဖြည့်ဆည်းပေးဖွယ်ရာများကို အလေးအနက်ထား ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

မိမိတို့မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ကဏ္ဍများအလိုက် ကော်မတီများ ဖွဲ့စည်းပေးထားပြီးဖြစ်၍ မှန်ကန်သော ဦးဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့ဖြင့် တက်ညီလက်ညီ စုပေါင်းကြိုးပမ်းအားထုတ် ဆောင်ရွက်ပေးသွားကြရမှာဖြစ်ကြောင်း။

မိမိတို့မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုလည်း မြို့နယ်တိုင်းတွင် ဖွဲ့စည်းထားသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ အားကို ရယူလျက် ပူးပေါင်းဆောင်ရွက်ရန် မှာကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် မေ ၉ရက်၌ကျင်းပမည့် ၂၀၀၄ ခုနှစ် ကမ္ဘာ့ကြက်တောင်အားကစားအဖွဲ့ချုပ် အထွေထွေညီလာခံသို့ တက်ရောက်ရန် ထွက်ခွာသွားသည့် မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အတွင်းရေးမှူး ဦးရော်ဘင်တင်တို့အား မေ ၇ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တွေ့ရစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
ဗဟိုဦးစီးအဖွဲ့အစည်းအဝေး ၂၀၀၄ ခုနှစ်
မေလ(၁၁)ရက်မှ(၁၃)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ဧရာဝတီတံတား(ရတနာပုံ) တည်ဆောက်ရေး စီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မေ ၆ ရက် မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတံတား(ရတနာပုံ)တည်ဆောက်ရေးစီမံကိန်း (စစ်ကိုင်းဘက်ကမ်း)ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ရှေးဦးစွာရှင်းလင်းဆောင်၌ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ စီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာ မှူးကြီး ဦးဆန်းဝင်းက ဧရာဝတီတံတား (ရတနာပုံ) စစ်ကိုင်းဘက်ကမ်း တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်း ဆောင်ရွက်မှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည် များမှာကြားသည်။ ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်း ဘက်ကမ်း လုပ်ငန်းခွင်အတွင်း ကွန်ကရစ် ရေလယ်တိုင်တည်ဆောက် ခြင်းလုပ်ငန်း၊ RP-8 ကွန်ကရစ် ရက်မတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီး ရေယာဉ်ဖြင့် ထွက်ခွာ၍ တည်ဆောက်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် နှင့်အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ရတနာပုံ) တည်ဆောက်ရေးစီမံကိန်း (မန္တလေးဘက်ကမ်း) ရှင်းလင်း ဆောင်သို့ ရောက်ရှိကြပြီး စီမံကိန်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဌေးမြင့်က မန္တလေးဘက်ကမ်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ များကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လုပ်ငန်းလိုအပ် ချက်များ မှာကြား ဖြည့်ဆည်း ဆောင် ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် မန္တလေးမြို့ ချမ်းမြသာစည် မြို့နယ်ရှိ ဒက္ခိဏာရာမ ဘုရားကြီး တိုက်သို့ ရောက်ရှိပြီး နယားကျောင်း ဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသအား ဖူးမြော်ကြည်ညို၍ သာသနာရေး ဆိုင်ရာများလျှောက်ထားကာ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MYINTKYINA OPEN ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၈

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.A တို့ကကြီးမှူး၍ Jade Land Myanmar Co., Ltd. ကအဓိကပံ့ပိုးသည့် ၂၀၀၄ခုနှစ် မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myintkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၆ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနား Northern Star ဂေါက်ကလပ်၌ ကျင်းပသည်။

ကျင်းပ

ဖွင့်ပွဲ တွင် ပြိုင်ပွဲဝင်ဂေါက်သီးရိုက် အားကစားသမားများသည် သတ်မှတ်ထားသည့်တီခုံအမှတ်(၁)(1st TEE)၌ နေရာယူထားပြီး ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်ဆွေ၊ မြစ်ကြီးနား လေတပ်စခန်း ဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီး ဇော်ထွန်း၊ ဗိုလ်မှူးချုပ် ဘိုကြည်(ငြိမ်း)၊ M.P.G.Aနှင့်M.G.F အမှုဆောင် ဦးကိုကိုလေးနှင့် Jade Land Myanmar Co., Ltd. မှ Chairman ဦးယုဇော်ခေါင် တို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ကျင်း ပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်

ပထမနေ့ ၁၈ကျင်းပြိုင်ပွဲ အပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan - West) က ပင်ကို လက်စွမ်းပြပြီး သတ်မှတ်ရိုက်ချက်ထက် ငါးချက်လျော့ရိုက်ကာ ၆၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

မြင့်ဆွေ(WILSON)က ၇၂ချက်ဖြင့်ဒုတိယ၊အောင်ဇော်မိုး(WILSON)က ၇၃ချက်ဖြင့် တတိယ၊ နန္ဒကျော် (Y.C.D.C) နှင့် မင်းနိုင်(Srixon) တို့က ၇၄ ချက်စီဖြင့် စတုတ္ထလိုက်နေကြသည်။

အပျော်တမ်း

အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် သိန်းဇော်မြင့်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၀ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

သန့်ဇင်ဦးနှင့် Derek Htet Doe တို့က ၇၃ချက်စီဖြင့် ဒုတိယလိုက်ပြီး အောင်အောင်ကျော်က ၇၄ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd က လည်းကောင်း၊ Co-Sponsors အဖြစ် Myanmar Si Thu Co., Ltd. ကလည်းကောင်း၊ Myint Aung Co., Ltd. ကလည်းကောင်း၊ May and Mark Co., Ltd. က လည်းကောင်း၊ Kaung Myat Co., Ltd. ကလည်းကောင်း၊ Official Hotel အဖြစ် Punt Sun Hotel ကလည်းကောင်း အသီးသီးထပ်မံ၍ ပံ့ပိုးကူညီကြသည်။

ဒုတိယနေ့၁၈ကျင်းပြိုင်ပွဲ ကို မေ ၇ ရက် နံနက် ၇ နာရီတွင် ယင်းဂေါက်ကွင်း၌ ဆက်လက် ကျင်းပသည်။

ပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်း ကစားပြီး၌ Professional Golfers ပြိုင်ပွဲတွင် ဇော်ဇော်လတ် (Pan-West) ကပင် (၆၇+၇၂) ပေါင်း ၁၃၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ပူးတွဲ

မြင့်သောင်း (KM GolfCentre) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး (၇၆+၇၀) ပေါင်း ၁၄၆ ချက်ဖြင့် ဒုတိယလိုက်ပြီး ကျော်စွာလင်း(Ping)က (၇၅+၇၃) နှင့် မင်းနိုင်(Srixon)က (၇၄+၇၄) ပေါင်း ၁၄၈ ချက်စီဖြင့် ပူးတွဲတတိယ လိုက်နေကြသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် သိန်းဇော်မြင့်ကပင် (၇၀+၇၂) ပေါင်း ၁၄၂ ချက်ဖြင့် ဦးဆောင်ကစား လျက်ရှိသည်။

ယဉ်အောင်လတ်က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး (၇၅+၇၀) ပေါင်း၁၄၅ ချက်ဖြင့် ဒုတိယ လိုက်ပြီး Derke Htet Doe က ၇၃+၇၃ ပေါင်း ၁၄၆ ချက်ဖြင့် တတိယ လိုက်နေသည်။

ယခုကျင်းပလျက်ရှိသော Myitkyina Open ဂေါက်သီးရိုက်ပြိုင်ပွဲ တွင်အောင်ပွဲရမည့် ဂေါက်သီးရိုက် အားကစားသမားများအား ထိုက်ထိုက် တန်တန် ဆုကြေးငွေချီးမြှင့်မည်ဖြစ်ရာ Professional Golfers ပြိုင်ပွဲတွင် ပထမဆုကြေးငွေအဖြစ် ကျပ်၁၀ သိန်း၊ ဒုတိယဆုကြေးငွေအဖြစ် ကျပ် ခြောက်သိန်း၊ တတိယဆုကြေးငွေအဖြစ် ကျပ် လေးသိန်းငါးသောင်းချီးမြှင့်မည်ဖြစ်ပြီး အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် လည်း ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်မည်ဖြစ်ရာ ပထမဆုအဖြစ် ငွေကျပ်လေးသိန်းနှင့် ညီမျှသော ဆုပစ္စည်းများ၊ ဒုတိယဆုအဖြစ် ငွေကျပ် သုံးသိန်းနှင့်ညီမျှသောဆုပစ္စည်းများ၊ တတိယဆုအဖြစ် ငွေကျပ် နှစ်သိန်း ငါးသောင်းနှင့်ညီမျှသော ဆုပစ္စည်းများကို ချီးမြှင့်ကြမည်ဖြစ်သည်။

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို မေ ၈ ရက်နံနက်၇နာရီတွင်ယင်းဂေါက်ကွင်း၌ဆက်လက်ကျင်းပသည်။

(သတင်းစဉ်)

ရွှင်းစုံညီ မြန်မာပြည် ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် မေ ၈

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးမှူး၍ "ရှုခင်းစုံညီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို မေ ၆ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်လွင်၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဓာတ်ပုံပညာရှင်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရွေးချယ်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ဆုရရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "ရှုခင်းစုံညီ မြန်မာပြည်" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဆုရရှိကြသူများကိုဆုများချီးမြှင့်ရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က ပထမဆုရရှိသော ဇေယျာမျိုး(ဘိုအဖွဲ့)၊ ဒုတိယဆုရရှိသော ဦးဆန်းဌေး(မြန်မာ)နှင့် တတိယဆုရရှိသော ကိုဝေကြည်မိုး (ရန်ကုန်တက္ကသိုလ်)တို့အား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်က အထူးဆုရရှိကြသော စိုင်းခမ်းလင်း(Hawk Eyes)၊ ဇေမောင်သိန်း(မန်းတက္ကသိုလ်)၊ ပုဂံမင်းမင်းဦး (မွေး)၊ သီဟသိန်းဉာဏ်၊ ကျော်သာ(ဟိုက်ချင်း)တို့အား ဆုများချီးမြှင့်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်မောင်လွင်က နှစ်သိမ့်ဆုများရရှိသော ဓာတ်ပုံစောမြင့်ဇော်(အလှဒဿန)၊ A.K Moe (သတ္တဗေဒ)၊ ပုဂံမောင်မောင်၊ ထင်အောင်(အင်းစိန်)၊ စစ်သွေးကျော်(Photo Art-2) တို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ပြိုင်ပွဲအကဲဖြတ် ဓာတ်ပုံပညာရှင်များအား ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လတ်က အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ဆုရရှိသူများကိုယ်စား ဇေယျာမျိုး(ဘိုအဖွဲ့)က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ယူရို ၂၀၀၄ ဘောလုံးပွဲ မိတ်ဆက်ရှင်းလင်း

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပါရမီ ရိပ်သာ မြစပယ်လမ်း အမှတ်(၁)နေ ဦးထွန်းကြိုင်၊ (ဒေါ်ကြင်ထွေး) သားသမီး မြေးတစ်စုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ မေ ၄ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန် မေ ၈

ဂရင်းရှိုင်ရယ်၏ ကံစမ်းမဲနှင့် ချန်ပီယံ Euro ၂၀၀၄ဘောလုံးပွဲနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပွဲကို မေ ၆ရက်ညနေ ပိုင်းက ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။ အခမ်းအနားတွင် International Beverages Trading Co., Ltd. ၏ ဈေးကွက်ဖြန့်ချိရေး ဒါရိုက်တာ ဦးမိုးသန်းချစ်က မိတ်ဆက်စကားပြောကြားပြီး(**အပေါ်ပုံ**)မန်နေဂျာ ဦးရန်နိုင်စိုးမြင့်က ကံစမ်းမဲနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်း တင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသော ဧည့်သည်တော်များ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။ (ကြေးမုံ)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

မော်ဘီမြို့နေ (ဦးချစ်လှ)နှင့် (ဒေါ်ကျင်ကျင်သန်း)တို့၏သား

ဗိုလ်ကြီးမြတ်သူ

B.E (Mechanical; DI) D.S.T.A(3)

နှင့်

ရန်ကုန်မြို့နေ ဦးအောင်စိုး(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန)နှင့် ဒေါ်သန်းသန်းဝင်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ထုတ်လုပ်/စတူဒီယို၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)တို့၏ တစ်ဦးတည်းသောသမီး

မဝင်းလဲ့စိုး

B.Sc (Maths), (Credit), M.Sc (Engineering Maths)

နည်းပြ၊ အင်ဂျင်နီယာသချာင်္ဌာန၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

တို့၏ (၁-၅-၂၀၀၄) နေ့တွင် ယုဇနဂါးဒင်းဟိုတယ်၌ ကျင်းပပြုလုပ်သည့် မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီးဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၏ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၏ဇနီး၊ ရန်ကုန်တိုင်း တိုင်းမှူး၏ဇနီး၊ နိုင်ငံတော်အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့်ဇနီးဒေါ်စန်းစန်းမြင့်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ကြွရောက်ချီးမြှင့်ကြသော ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယမြို့တော်ဝန်နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မိတ်ကပ်နှင့် သတို့သမီးဝတ်စုံ ထွန်းထွန်းလင်း(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံဦးညွန့်လွင်(ရုပ်/သံ)၊ ဗီဒီယိုဦးအေးနိုင်(ရုပ်/သံ)၊ ဦးငွေးဝင်း(ရုပ်/သံ)၊ မင်္ဂလာပန်းကြဲဖြန့်ပေးသော ရွှေမန်းသူ လဝန်းဖြူဖြူ၊ မြန်မာ့ရုပ်/သံမှ ဒေါ်ခင်စန္ဒာမြင့်၊ ဒေါ်စမ်းသီတာခင်၊ ဒေါ်မြတ်ကြေးမုံ၊ ယုဇနဂါးဒင်းဟိုတယ်မန်နေဂျာ ဒေါ်မေဦးနှင့်ဝန်ထမ်းများ၊ (၂၉-၄-၂၀၀၄)နေ့ ယုဇနဂါးဒင်းဟိုတယ်တွင်ကျင်းပသည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ မင်္ဂလာနာယက ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်း၊ (၃-၅-၂၀၀၄) ကဆုန်လပြည့်နေ့ မစိုးရိမ်ကျောင်းတိုက်တွင်ကျင်းပသည့် မင်္ဂလာဦးဆွမ်းကပ်လှူပွဲများသို့ ကြွရောက်ချီးမြှင့်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲများဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီကြသူများ၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ကြသူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် ဗိုလ်ကြီးမြတ်သူ+မဝင်းလဲ့စိုး။

ဘဏ္ဍာ/ အခွန်နှင့် စီးပွား/ ကူးသန်းသရေကျ အမှတ်ပေးချန်ပီယံ ဘဏ္ဍာ/ အခွန်ဆက်ထိန်း

ရန်ကုန် မေ ၈

၂၀၀၃-၂၀၀၄ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲအဖြစ် လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းနှင့် စီးပွား/ကူးသန်းအသင်းတို့သည် ယမန်နေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ကျင်းပရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သည်။

ဘဏ္ဍာ/အခွန်အသင်း ဂိုးမရှိ။
စီးပွား/ကူးသန်းအသင်း ဂိုးမရှိ။
အကောင်းဆုံးဆု စိုးမြတ်မင်း (ဘဏ္ဍာ/အခွန်)။
ဒိုင်လူကြီး ဦးဝင်းဦး။

ချန်ပီယံ ဘဏ္ဍာ/အခွန်အတွက် အရှုံး၊ အနိုင် အရေးမပါသော်လည်း နိုင်ပွဲဆက်လက်ရရှိရေး ကြိုးစားသကဲ့သို့ စီးပွား/ကူးသန်းကလည်း ယခုပွဲ အနိုင်ရပါမှ ဒုတိယနေရာ ရရှိမည်ဖြစ်၍ အားကုန်ထုတ်ကစားရာ အကြိတ်အနယ်ရှိခဲ့သည်။ သို့သော် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်၍ သရေဖြစ်သွားသည်။

အဆင့်မြင့်တန်း ထိပ်သီးနှစ်သင်းတွေ့ဆုံသောပွဲဖြစ်၍ အနိုင်ရရေး အတင်းဝင်၊ အတင်းထွက် ကစားခဲ့ရာ အဝါ၊ အနီများ ထိခဲ့ကြသည်။ စီးပွား/ကူးသန်းအသင်းခေါင်းဆောင် ဇော်လင်းထွန်း ပွဲပြီးခါနီးတွင် ကြမ်းတမ်းစွာကစားခဲ့၍ နှစ်ဝါတစ်နီဖြင့် အထုတ်ခံရသည်။ ဘဏ္ဍာ/အခွန်မှ လေးဦးနှင့် စီးပွား/ကူးသန်းမှနှစ်ဦး အဝါကတ်များ ထိခဲ့ကြသည်။

နှစ်သင်းစလုံး ပွဲကုန် ၁၅ပွဲစီကစားပြီးဖြစ်ရာ ဘဏ္ဍာ/အခွန်က ၁၃ပွဲနိုင်၊တစ်ပွဲသရေကျ၊ တစ်ပွဲရှုံး၊ရမှတ်၄၀မှတ်ဖြင့် ချန်ပီယံဆု ထပ်မံဆွတ်ခူးရရှိသွားသည်။ စီးပွား/ကူးသန်းက ၁၀ပွဲနိုင်၊ လေးပွဲသရေ၊တစ်ပွဲရှုံး၊ ၃၄မှတ်ရသည်။ လက်ရှိအနေအထားအရ စီးပွား/ကူးသန်းက ဒုတိယနေရာရနေသော်လည်း တတိယနေရာလိုက်နေသည့်စွမ်းအင်က နောက်ဆုံးပွဲ၌ ကြည်း(က)ကို အနိုင်ရပါက ဒုတိယနေရာရသွားမည်ဖြစ်သည်။

ယနေ့ကျင်းပသည့်ပွဲစဉ်တွင် မြို့တော်စည်ပင်က သတ္တုတွင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရသွားသည်။ (ကြေးမုံ)



၁၉၆၈-၆၉-၇၀ခုနှစ်ဘွဲ့ရ ဘူမိဗေဒကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ (စတုတ္ထအကြိမ်)

ကျင်းပမည့်နေ့ - ၂၉-၅-၂၀၀၄(နယုန်လဆန်း ၁၁ရက်) (စနေနေ့)
ကျင်းပမည့်အချိန် - နံနက်၁၀နာရီ
ကျင်းပမည့်နေရာ - မဟာသန္တိသုခကျောင်းတော်ကြီး၊ နတ်ချောင်း၊ တာမွေမြို့နယ်။

* အပေါင်းအသင်းရောင်းရင်းများအားလုံးကို ဖိတ်ကြားပါသည်။
* နှစ်ပေါင်း(၃၅) ကြာမြင့်ခဲ့ပြီဖြစ်သည့် သိက္ခမ်းခင်မင်မှုကို ပြန်လည်ဆန်းသစ်ရင်း ဆရာ၊ ဆရာမများကို ဂါရဝပြုကြရန်။
* စေတနာထက်သန်၍ ကုသိုလ်ပါဝင်လိုသူများ အောက်ဖော်ပြပါ သူငယ်ချင်းများထံ ထည့်ဝင်လှူဒါန်းကြပါ။

(၁) ဦးမြင့်ဝေ	(၁၉၆၈)	ဖုန်း-၆၄၁၁၉၂၊ ၆၄၁၉၅၀(အိမ်)
(၂) ဦးတင့်နောင်	(၁၉၆၉)	ဖုန်း-၂၂၅၅၆၉(ရုံး)၊ ၂၂၅၀၄၄(အိမ်)
(၃) ဦးတင်ကျော်သန်း	(၁၉၇၀)	ဖုန်း-၀၉-၅၀၀၂၅၈၁၊ ၅၃၆၀၁၉(အိမ်)
(၄) ဦးခိုင်ရှင်း	(၁၉၆၈)	ဖုန်း-၂၉၉၃၇၂(ရုံး)
(၅) ဦးသိန်းဝင်း	(၁၉၆၉)	ဖုန်း-၅၈၀၆၂၅(အိမ်)၊ ၆၁၀၈၀၀(ရုံး)
(၆) ဦးမျိုးမြတ်	(၁၉၇၀)	ဖုန်း-၅၁၁၇၇၃(အိမ်)

အလှူငွေထည့်စဉ် မိမိဆက်သွယ်ရန်လိပ်စာ ဖုန်း၊ E-mail နှင့် ဓာတ်ပုံတစ်ပုံ ပေးပို့ပါရန်။ **(သီးခြားဖိတ်စာမပို့ပါ)။**



ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

(သမီးတော်အလှပြင်ခန်းမ)

၁။	အလှဖန်တီးရှင်	- မ	၂ဦး
၂။	မိတ်ကပ်၊ ဆံထုံး ကျွမ်းကျင်သူ	- မ	၂ဦး
၃။	ဆံပင်ညှပ်၊ ကောက်၊ ဖြောင့် ကျွမ်းကျင်သူ	- မ	၂ဦး
၄။	လျှော်၊ သစ် ကျွမ်းကျင်သူ	- မ	၂ဦး

စိတ်ဝင်စားသူများသည် မိမိတို့၏ C.V၊ အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့် အတူ အမှတ်(၄၁၀)၊ သိမ်ဖြူလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ သမီးတော် အလှပြင်ခန်းမသို့ လာရောက်လျှောက်ထားနိုင်ပါသည်။ **ဖုန်း-၂၉၂၅၀၀။**

သူရိယစာအုပ်ဆိုင်

လစဉ်ထုတ်စာအုပ်အမျိုးမျိုး၊ ဘာသာရေးလူမှုရေး ဘာသာစကား၊ အဘိဓါန်စာအုပ်များနှင့် သုတ၊ ရသစာအုပ်အမျိုးမျိုး ဝယ်ယူရရှိနိုင်ပါသည်။

အမှတ် (၂၈)၊ မဟာဗန္ဓုလလမ်း၊ မြေနီကုန်း၊စမ်းချောင်းမြို့နယ်။



STAR LIGHT

* ကားအောက်ပိုင်းပစ္စည်းရောင်းသည်။
* ကားအောက်ပိုင်းပြုပြင်ခြင်းနှင့် ကားဘီး အလိုင်းမင့်ချိန်သည်။ ၉၃ ဘုရင့်နောင်လမ်း၊ ချောင်းဝ။ Ph: 534457





မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သားများခေါ်ယူခြင်း

၁။ မလေးရှားနိုင်ငံတွင် အလုပ်လုပ်ရန် အထွေထွေလုပ်သား (General Worker) များ လိုအပ်ပါသဖြင့် အောက်ပါအရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။

(က) အသက်(၁၉)နှစ်မှ (၃၅)နှစ်အတွင်းရှိရမည်။
(ခ) အခြေခံပညာအလယ်တန်း(၈)တန်း အောင်ရမည်။
(ဂ) အင်္ဂလိပ်စကား အသင့်အတင့်ပြောဆိုနိုင်ရမည်။
(ဃ) ကျန်းမာရေးကောင်းရမည်။
(င) ပြစ်မှုကင်းရှင်းရမည်။
(စ) အကျင့်စာရိတ္တကောင်းမွန်ရမည်။

၂။ လုပ်သားအနေဖြင့် အောက်ပါအတိုင်းခံစားခွင့်ရှိမည်။

(က) တစ်နေ့အလုပ်ချိန်(၈)နာရီ
(ခ) ကျွမ်းကျင်မှုကိုမူတည်၍ တစ်နေ့(၁၈)ရင်းဂစ်မှ(၃၀)ရင်းဂစ် ရရှိနိုင်မည်။
(ဂ) တစ်လ အချိန်ပိုနာရီ(၇၀)ရနိုင်ပြီး သာမန်နှုန်း၏ ၁ ½ဆရရှိမည်။

၃။ ဝန်ဆောင်ခ ၆ ½သိန်း၊ အသေးစိတ်သိလိုက ရွှေအင်းဝ ဝန်ဆောင်မှုအေဂျင်စီ ကုမ္ပဏီလီမိတက်၊ အမှတ်(၁၁၁)၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်။

ဖုန်း-၆၄၂၄၇၃၊ ၆၄၂၉၀၂၊ Fax-၆၄၂၉၀၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိဘူး မိသားစု

အမှတ် ၅၇၉/၅၈၅၊ မဟာဗန္ဓုလလမ်း၊ ဝန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၄၅၆၇၃ ၊ ၂၅၃၉၈၈ ၊ ၃၇၇၁၁၂ ၊ ၃၇၉၃၃၇

ချက်ဆီ၊ ချဉ်ရည်သီးအဆီနှင့် အသီးမျိုးစုံတို့ကို Sauce အမျိုးမျိုး ပြုလုပ်နိုင်ပြီး လုပ်ငန်းလိုဒိုတွင်ကျယ်စေသော စက်ခြစ်၍ Motor တပ်ဆင်ထားပြီး ဈေးနှုန်းအသက်သာဆုံးဖြင့် ရောင်းချမည်။ Brand Saw Blade (assorted size 1 inch to 11 inch) သစ်ခွဲပတ်လွှများမျိုးစုံ (တစ်လက်မမှ ၁၁လက်မထိ အထူအပါးစိတ်မျိုးစုံ)။ လွှဒိုင်းမျိုးစုံ (၆လက်မမှ ၆ပေထိ)။ ကာဗိုက်လွှဒိုင်းမျိုးစုံ၊ သစ်ခွဲစက်ပစ္စည်းမျိုးစုံ၊ လုပ်ငန်းသုံး အိမ်သုံးမော်တာမျိုးစုံ၊ မော်တာရေစုပ်စက်ပန့်မျိုးစုံ၊ ရေမြှုပ်ပန့်မျိုးစုံ၊ Auto Pressure Pump (အလိုအလျောက်ဖိအားပေးရေပန့်စက်)။ ဆန်စက်သုံးပစ္စည်းမျိုးစုံ၊ Chain Saw စက်၊ ငှင်းအပိုစက်ပစ္စည်းမျိုးစုံ၊ ကာဗိုက်ဆောက် HSS ဆောက်မျိုးစုံ၊ ချိန်းဘလောက်မျိုးစုံ၊ လက်ကိုင်ကျောက်စက်၊ တောက်စက်မျိုးစုံနှင့် အမှုန့်ကြိတ်စက်မျိုးစုံ ရရှိနိုင်ပါသည်။

ဆူးလေစင်တာပွိုင့်ဖက်ရှင်

သေတ္တာအမျိုးမျိုး၊ ခရီးဆောင်အိတ်အမျိုးမျိုး၊ ... လက်လီလက်ကား ရရှိနိုင်ပါသည်။

အမှတ်(204/208)၊ ... ☎ 252804, 283359

စိန်ဘယက်

ပြည်သူအကြိုက်တွေ့ စိန်ဘယက်ငန်းနီကျော်

အစာကြေသက်
စိန်ဘယက်
ပြည်သူ့ချစ်မက်
စိန်ဘယက်
ရသာချိုမွှေး သုံးစွဲပေး
စိန်ဘယက်လေကွဲဆေး

ဆောင်းနွေမိုး
ချွဲသလိပ်ကြေ
ပင်ရင်း -
အမှတ်(၁၃၉)ညောင်ပိုင်း(၁၃)လမ်း
ပဲခူးမြို့ ဖုန်း - ၀၅၂-၂၃၀၀၄

NATIONAL CD
ဖုန်း- 708225
ဖုန်း- 252604, 280334

Downtown လုံးချင်း အမြန်ဝယ်လိုသည်။
ပွဲစားနှင့်ကိုယ်တိုင်ဆက်သွယ်ပါရန်
Ph: 382404,382379,09-80-31229

TV-VIDEO
☎ 545937

Adorn Curtains & Blinds (Tel:723181)
* ခန်းဆီးပိတ်နှင့် တန်းများ၊ ယင်းလိပ်များ အထူးလျှော့ဈေး
* ခေါင်းအုံး၊ ကျောမှီ စသည်များ ကုန်ကျန်ရှင်းငွေပေါ်ဈေး
၄၄၉ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်း
(၉း၃၀-၅း၀၀) except Sunday.

ချမ်းသာအောင်မြင် နှင့် သုခစုံကုသိုလ် အိုး

အမည်ပြောင်းခြင်း

ဦးဆွေ(ခ)ဦးဆိုး [၉/ညဥန(နိုင်) ၁၂၇၅၈၈]၏သမီး မအေးတူးမာ [၉/ညဥန(နိုင်)၁၂၂၅၁၉]အား မေသက်ခင်ဟု ပြောင်းလဲခေါ်ပါရန်။

မေသက်ခင်။

အမည်ပြောင်းခြင်း

အဖ ဦးစိုးသန့်၏သား မောင်ဖွဲ့လင်းမာန်အား မောင်အာကာမြင့်မိုရ်ဟု ပြောင်းလဲခေါ်ပါရန်။

အာကာမြင့်မိုရ်။

အမည်ပြောင်းခြင်း

ဦးဌေးလွင် (ISN-၅၈၆၅၉၆)၏ သမီးဖြစ်သူ အထက-၂၊ လသာ၊ စတုတ္ထတန်းမှ မမြတ်စန္ဒီဦးအား ယနေ့မှစ၍ မမြတ်စန္ဒီကျော်ဟု ပြောင်းလဲခေါ်ပါရန်။

မမြတ်စန္ဒီကျော်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် (၄၀၇၀၅၂)သည် ၆-၅-၂၀၀၄နေ့တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပါရန်။

ပုန်ခန်တွလ် ဖုန်း-၂၂၈၂၈၆။

YOUR KEY TO BETTER LIVING
FMI GARDEN DEVELOPMENT LIMITED

RIGHT HERE
RIGHT PLACE

Orchid Gardens

လုံးချင်းအိမ်ရာများနှင့်မြေကွက်များ

50% Cash
50% Installment

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးမြတ်လွင်)–ဒေါ်အေးပိုတို့၏သားဦး
မောင်မျိုးညွန့်အောင်
B.Sc(Computing & Information Systems)
(London Guildhall University)
နှင့်
ရန်ကုန်မြို့နေ
ဗိုလ်မှူးမြင့်ထွန်း(အငြိမ်းစား)–ဒေါ်မူမူအောင်တို့၏သမီးဦး
မယဉ်မင်းထွန်း B.C.Sc°
(University of Computer Studies, Yangon)
B.Sc°(Computing & Information Systems)
(London Guildhall University)

တို့၏ ၂–၅–၂၀၀၄(တနင်္ဂနွေနေ့)တွင် Summit Parkview Hotel ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်သော နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ လူကိုယ်တိုင် ကြွရောက်ချီးမြှင့်ကြသော ဗိုလ်မှူးချုပ်သန်းတင်(ငြိမ်း)၊ ဗိုလ်မှူးချုပ်သာငွေး(ငြိမ်း)၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ဇနီး ဒေါ်ခင်ငွေးမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၏ဇနီး ဒေါ်တင်တင်မြ၊ မင်္ဂလာပန်းကုံး ဆင်မြန်းချီးမြှင့်ပေးသော အင်ဂျင်နီယာချုပ် ရန်ကုန်အော်တိုတယ်လီဖုန်း ဆက်သွယ်ရေးကော်ပိုရေးရှင်းမှ ဦးဟန်ဝင်းနှင့်ဇနီး ဒေါ်မာလာ၊မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသောဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော မမေဖူးအောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မမေသူထွန်း၊ သတို့သားအရံ မောင်စိုးသီဟဇော်နှင့် မောင်အောင်ငြိမ်းချမ်းသူ၊သတို့သမီးအရံ မမေသူနှင့် မသဇင်၊ မင်္ဂလာမှတ်တမ်း ဗီဒီယိုရိုက်ကူးပေးသော မှတ်သုံကိုဇော်ဝင်းနှင့်အဖွဲ့၊ မှတ်တမ်းဓာတ်ပုံများရိုက်ကူးပေးသော တက္ကသိုလ် ဦးစိန်ဝင်း၊ မိတ်ကပ်နှင့် ဆံပင်အလှဖန်တီးသူပွင့်၊ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ Summit Parkview Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်မိဘများနှင့် မောင်မျိုးညွန့်အောင်–မယဉ်မင်းထွန်း။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ – ၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံ(၃)တွင် ဖွင့်လှစ်သော အမျိုးသား/အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၇–၆–၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၃–၅–၂၀၀၄ နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများက သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးသည်။

သင်တန်းသားဦးရေ ကန့်သတ်ထားပါသည်။

၎င်းအပြင် – အခြေခံ–လျှပ်စစ်ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၃–၆–၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့်ဝါရင့်ပညာရှင်များမှ စာတွေ့၊ လက်တွေ့ကို အနီးကပ်ကြီးကြပ် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် –
- **ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြိုင်ဟေဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်။**
- **ဖုန်း – ၆၆၀၈၅၁။**

ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
CHAT Communication in English Course
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန(SEAMEO Regional Centre for History and Tradition)၏အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က)**ဖွင့်လှစ်မည့်သင်တန်းများ** – CHAT Communication in English Course
i. Basic Level I Course
ii. Intermediate Level I Course
iii. Intermediate Level II Course
iv. Advanced Level I Course
v. Advanced Level II Course

(ခ)**ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** – ၂၂–၅–၂၀၀၄ရက်နေ့မှ ၈–၈–၂၀၀၄ ရက်နေ့အထိ (၁၂)ပတ်
(Basic I; Intermediate I; Intermediate II)
၂၂–၅–၂၀၀၄ရက်နေ့မှ ၅–၉–၂၀၀၄ ရက်နေ့အထိ(၁၆)ပတ် (Advanced I)
၂၀–၅–၂၀၀၄ရက်နေ့မှ ၅–၉–၂၀၀၄ ရက်နေ့အထိ (၁၆)ပတ်
(Advanced II) (Thur, Sat, Sun 7:00 to 9:00) (Sat, Sun 3:00 to 6:00)

(ဂ)**သင်တန်းဖွင့်လှစ်မည့်နေရာ** – ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(ဃ)**သင်တန်းပို့ချမည့်နေ့နှင့်အချိန်** – Mon, Wed, Fri(7:00 to 9:00); (17:00 to 19:00)
Tue, Thur, Sat(7:00 to 9:00);(17-00 to 19:00)
Thur, Sat, Sun (7:00 to 9:00)
Sat, Sun(9:00 to 12:00);(12:00 to 15:00);(15:00 to 18:00)
တန်းခွဲတစ်ခုတွင် သင်တန်းသား(၃၀)ဦးသာလက်ခံပါမည်။
ဦးရာလူစနစ်ဖြင့် လက်ခံပါမည်။

(င)**သင်တန်းဝင်ခွင့်အရည်အချင်း** – Basic Level I Course အတွက် အနိမ့်ဆုံး အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်ရသူများ
- Intermediate Level I Course အတွက် Basic Level Course တက်ရောက်အောင်မြင်ပြီးသူများ
- Intermediate Level II Course အတွက် Intermediate Level I Course တက်ရောက်အောင်မြင်ပြီးသူများ
- Advanced Level I Course အတွက် Intermediate Level II တက်ရောက်အောင်မြင်ပြီးသူများ
- Advanced Level II Course အတွက် Advanced Level I တက်ရောက်အောင်မြင်ပြီးသူများ၊

(စ)**လျှောက်လွှာစတင်လက်ခံမည့်ရက်** – ၁၈–၅–၂၀၀၄(ဓာတ်ပုံ၂ပုံနှင့် အောင်လက်မှတ်များယူဆောင်လာရန်)

(ဆ)**လျှောက်လွှာပိတ်မည့်ရက်** – ၂၀–၅–၂၀၀၄

၂။ Advanced Level II Courseကို စာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန် ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။(ဖုန်း–၅၁၅၁၈၀၊ ၅၃၉၇၀၈)

SAYA DOUGLAS
ဆေးပေါင်းခွင်ဆုံး
ထိုင်းအဘိုး ထိုင်းဆေး
ကျွမ်းကျင်မှုအစစ်၊ အဝတ်၊ အပြောသင်တန်း
အမှတ် (၂၀၄) ၃၄ လမ်းအထက်၊ ဖုန်း–377121

FAME
Hepa-B ®

The Union of Myanmar
Forest Products Joint Venture Corporation Limited.
Price Quotation No (01/2004-2005)

F.P.J.V.C Ltd. Quotation Sale will be held as follows.

Commodity	Quantity (about Tons)	Location
(a) Teak Logs & Conversions	227	- South Dagon Depot - Hponedawtoe Depot (Mandalay) - Tharketa Timber Shop - Yankin Timber Shop
(b) Hardwood Logs	713	- South Dagon Depot
Total -	940	

Closing Date : (18-5-2004)Tuesday (12:00) Noon.
Please Contact F.P.J.V.C Ltd. No.422-426, Corner of Botataung Pagoda Road and Strand Road for further details.
Tel: 202060, 202101. (Ext)127

Tender Committee

ဝန်ထမ်းများအလိုရှိသည်(ပြည်တွင်း၌သာခန့်ထားရန်)
(၃)ကျင်းအတွင်း
အထွေထွေရောင်းဝယ်ရေးလုပ်ငန်းဦးပိုင်လီမိတက်ဆေးခန်းတော် (ကော်ခန်း)တွင် အချိန်ပြည့်ဝန်ထမ်းများ အလိုရှိသည်။ အောက်ဖော်ပြပါအချက်များနှင့်အတူလျှောက်ထားနိုင်ပါသည်။
အလုပ်သမားမှတ်ပုံတင်မှုရှင်းသန်းဖေါင်စာရင်းမိတ္တူပညာအရည်အချင်းအထောက်အထားများ (အသေးစိတ်ကို THS ကျောင်းဆင်ပြီးစစ်ဆေးမည်)
အရည်အချင်းမှတ်ပုံတင်မိတ္တူအတူနှင့် ကိုယ်ရေးအကျဉ်းပြင်ဆင်သောက်ဓါတ်ပုံနှင့်အတူ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
အထွေထွေရောင်းဝယ်ရေးလုပ်ငန်းဦးပိုင်လီမိတက်၊ ရုံးချိန်အတွင်း၊ အောက်ပါလိပ်စာ
ပုဇွန်တောင်မြို့နယ်ရန်ကုန်မြို့။

POISE MANAGEMENT SCHOOL
(LCCI Diploma)

သင်တန်းစမည့်ရက် May 22

* Management Principles
* Public Relation
* Business Administration
* Customer Service
* Marketing
* Selling & Sales Management

အထူးအာမခံ ☛ IELTS/ TOFEL / SPOKEN ENGLISH
လစဉ်တန်းခွဲများ
Contact ☛ Ph: 203106
125(F)ဗိုလ်ချုပ်လမ်းနှင့်၄ရလမ်းထိပ်။

အမည်ပြောင်းခြင်း

ဦးစိုးဝင်း၏သမီး အထက(၂) ဒဂုံမြို့မကျောင်း တတိယတန်း(က)မှ မမေသူစိုးဝင်းအား ဆုလဲ့နွယ်နီဟု ပြောင်းလဲခေါ်ပါရန်။

ဆုလဲ့နွယ်နီ။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ခန့်ထားရန်)

၁။ ဆံပင်ညှပ်(ကျွမ်းကျင်) မ (၅)ဦး
၂။ လျှော် (ကျွမ်းကျင်) မ (၅)ဦး

ဓာတ်ပုံတစ်ပုံ၊ CVနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊အလုပ်သမားမှတ်ပုံတင်မိတ္တူနှင့်အတူ လူကိုယ်တိုင် လာရောက် လျှောက်ထားနိုင်ပါသည်။

CC BEAUTY SLOON
NO.220 ပထမထပ် 31st Street (အထက်)၊ ပန်းဘဲတန်းမြို့နယ်။

ရှိုင် ပိတ်တင်ဒါခေါ်ယူခြင်း

စဉ်	ပစ္စည်းအမျိုးအမည်	လိုအပ်ချက်	တင်ဒါဖွင့်ရက်	တင်ဒါပိတ်ရက်
၁။	အမဲနိုးကြိမ်း(ပြည်တွင်းကုန်ကြမ်း)	100 MT	၁၈.၅.၂၀၀၄	၂၅.၅.၂၀၀၄
၂။	SURFACE GRINDING MACHINE	1 LOT	၁၈.၅.၂၀၀၄	၃.၆.၂၀၀၄
၃။	ACCESSORIES FOR EXTRUDER	3 ITEMS	၁၈.၅.၂၀၀၄	၃.၆.၂၀၀၄
၄။	TRANSFER PAPER MAKING ACCESSORIES	5 ITEMS	၁၈.၅.၂၀၀၄	၃.၆.၂၀၀၄
၅။	A-B BLOCK & CASTABLE	3 ITEMS	၁၈.၅.၂၀၀၄	၃.၆.၂၀၀၄
၆။	ASBESTOS DISC	2 ITEMS	၁၈.၅.၂၀၀၄	၃.၆.၂၀၀၄
၇။	STEEL LINING PLATE	1 LOT	၁၂.၅.၂၀၀၄	၁၀.၆.၂၀၀၄
၈။	KILN LINING BRICK	1 LOT	၁၂.၅.၂၀၀၄	၁၀.၆.၂၀၀၄
၉။	KILN HANGING CHAIN	1 LOT	၁၂.၅.၂၀၀၄	၁၀.၆.၂၀၀၄

အမှတ်(၁)စက်မှုဝန်ကြီးဌာနမြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ ကုန်သွယ်ရေးဌာန အမှတ်(၁၉၂) ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီးတင်ဒါပုံစံများကိုလာရောက် ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံတရားဝင်ဝယ်ယူသူများထံမှတင်ဒါကိုသာလက်ခံပါမည်။
(အသေးစိတ်သိရှိလိုပါက နံနက်ရန် တယ်လီဖုန်းအမှတ်– ၅၆၆၂၉၅၊ ၅၆၆၂၉၂)
မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း

APPOINTMENTS
GP Greater Power
(For Local Service Only, salary in kyats)

1. Production & Maintenance Engineer — **Male 3 Posts**
- BE (Mechanical),At least 5 years experience in engineering field.

2. Maintenance & Operation Engineer — **Male 2 Posts**
- BE (Electrical), At least 5 years experience in engineering field.

3. Company Secretary — **Female 1 post**
- Any graduate, At least 5 years related service, Excellent Command of written and Spoken English. Excellent computer skill. Age under 35 years.

4. Production Operators — **(Male MP10, EP10, MT6) Posts**
- AGTI (MP,EP,MT)

5. Laboratory-Chemist — **(Male/Female) 2 posts**
- BE(Chem)or BSc.(IC) with 5 years experience or BSc.(Chem) with 10 years hands-on experience in laboratory works.

6. Stores Officers (Male) — **2 posts**

7. Admin Officer — **(Male/Female) 3 posts**
Any graduate with 5 years experience in General Administrative works in office.

8.ComputerOperator — **(Male / Female) 3 posts**
- Proficiency with PC versions of MS Office, Power Point, Photo shop, Page Maker and Corel Draw. At least 3 years of experience in relate field.

9. Receptionist – Typist — **2 posts**
- Graduate with good telephone voice and a computer literate with typing skills 30 to 50 words per minute.

10.Drivers — **4 posts**
- At least 5 years experience in driving 2ton & above trucks.

If you are a Myanmar national send us a detailed resume stating current and expected salary enclosed with a recent passport sized photograph, Labour Registration Card, a certification letter of a relevant Police Station and all your educational certificates and recommendation to:-

Executive Recruitment Department
GP Battery Industries Private Limited
No. 59, Min Theikdi Kyawswa Road, Industries Zone 3,
Hlaing Thar Yar Township, Yangon , Myanmar.
Closing date: 14 days from this advert date.

SSi EDUCATION It's where your future is.
New Centre - II
INAUGURATION OFFER
25 % OFF only on 12th MAY
For all courses (Limited seats)
PH: 95-1-246833, 248193, 241208, 513693
Add: No.494/700, 1st Floor, Merchant St, Pabedan Tsp.
Add: Bldg#: 226, 2nd Floor, Wizaya Plaza, U Wisara Road, Bahan Township, Yangon.

KT 1950 KT U Tint Lwin
KT ... LCCI ...
Ph : 577564, 287506

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ မန်နေဂျာ — ကျား (၂) ဦး
၂။ ရုံးဝန်ထမ်း — ကျား (၆) ဦး
၃။ Computer Operator — မ (၃) ဦး

